# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ ကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေးကော်မတီအဖွဲ့ဝင် တစ်ဦး အနားယူခွင့်ပြုခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း | ၄ |
| ၆ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ ပြင်ဆင် ဖွဲ့စည်းရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့် အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း | ၄ |
| ၇ | မက်မန်းမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဖွင့်လှစ်ပေးရန်၊ (၁၂၀ x ၉၀)ပေ အားကစားရုံနှင့်(၄၀၀ x ၃၀၀)ပေ အားကစားကွင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၈ | စစ်တွေမြို့တွင် ရုပ်ရှင်ရုံများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၉ | နိုင်ငံတစ်ဝန်းမှ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ဇာတ်ကားကြီးမပြသမီ ပညာပေး ဇာတ်လမ်းတိုများ သို့မဟုတ် ပညာပေးဆောင်ပုဒ်များ ပြသပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၀ | ပျော်ဘွယ်မြို့နယ်မြောက်ပိုင်းရှိ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာပေါင်း ၃၀ ခန့် လျှပ်စစ်မီးရရှိသုံးစွဲ နိုင်ရန်အတွက် ယင်းတော်ရွာတွင် 33/11 KV 3 MVA ဓာတ်အားခွဲရုံတစ်ရုံနှင့် ကျေးရွာများအတွက် 11 KV ဓာတ်အားလိုင်း ၁၂ မိုင်ခန့် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၇ |
| ၁၁ | ကိုယ်ထူကိုယ်ထမီးလင်းရေးဖြင့် လျှပ်စစ်ဓာတ်အားရရှိထားသည့် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ရရှိရန်အတွက် သတ်မှတ်ထားသော ကြီးမြင့် | ၂၀ |

သည့်နှုန်းကို မတတ်နိုင်သူများ၊ အများနည်းတူ လျှပ်စစ် မီးသုံးစွဲ လိုသူများအတွက် လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၂ မြန်မာနိုင်ငံတောင်ပိုင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရည်မှန်း တည်ဆောက်နေသော LNG ဓာတ်အားပေးစီမံကိန်း(ကံပေါက်)အား မည်ကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း ၂၈

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၃၁

၁၄ ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသည့် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါသည့် ကွမ်းယာသုံးစွဲမှု ထိန်းချုပ်လျှော့ချနိုင်ရန် ထိရောက်သည့် မူဝါဒချမှတ်အကောင်အထည်ဖော်ရေး အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၃၉

၁၅ ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း နှင့် လွှတ်တော်၏ အဆုံး အဖြတ်ရယူခြင်း ၆၃

၁၆ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း ၆၈

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# [ ၃၁–၇–၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦး အနားယူခွင့်ပြုခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေး အဖွဲ့ပြင်ဆင်ဖွဲ့စည်းရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း နှင့် အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၇။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ်တွင် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနဖွင့်လှစ်ပေးရန်၊ (၁၂၀× ၉၀)ပေ အားကစားရုံနှင့် (၄၀၀× ၃၀၀)ပေ အားကစားကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၏ **စစ်တွေမြို့တွင် ရုပ်ရှင်ရုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **နိုင်ငံတစ်ဝန်းမှ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ဓာတ်ကားကြီးမပြသမီ ပညာပေးဓာတ်လမ်းတိုများ သို့မဟုတ် ပညာပေးဆောင်ပုဒ်များ ပြသပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့နယ် မြောက်ပိုင်းရှိ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာပေါင်း (၃၀) ခန့် လျှပ်စစ်မီးရရှိ သုံးစွဲနိုင်ရန်အတွက် ယင်းတော်ရွာတွင် 33/11 KV 3 MVA ဓာတ်အားခွဲရုံ (၁) ရုံနှင့် ကျေးရွာများအတွက် 11 KV ဓာတ်အားလိုင်း (၁၂) မိုင်ခန့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **လျှပ်စစ်ဓါတ်အား ပြတ်တောက်မှုမရှိစေရန်နှင့် လုံလောက်စွာရရှိနိုင်ရေးအတွက် အရန် ပမာဏထားရှိနိုင်ရန်အထိ တိုးမြှင့်ထုတ်လုပ်ခြင်းကို စီမံကိန်းချ လုပ်ဆောင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **ကိုယ်ထူကိုယ်ထမီးလင်းရေးဖြင့် လျှပ်စစ်ဓာတ်အားရရှိထားသည့် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ရရှိရန်အတွက် သတ်မှတ်ထားသော ကြေးမြင့်သည့်နှုန်းကို မတတ်နိုင်သူများ၊ အများနည်းတူ လျှပ်စစ်မီးသုံးစွဲလိုသူများအတွက် လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးသက်နိုင်ဦး၊ ရေဖြူ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတောင်ပိုင်း လျှပ်စစ် ဓာတ်အားရရှိရေးအတွက် ရည်မှန်းတည်ဆောက်နေသော LNG ဓာတ်အားပေးစီမံကိန်း (ကံပေါက်) အား မည်ကဲ့သို့အကောင်အထည် ဖော်ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်က တင်သွင်းသည့် **"ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါသည့် ကွမ်းယာသုံးစွဲမှု ထိန်းချုပ်လျှော့ချနိုင်ရန် ထိရောက်သည့် မူဝါဒချမှတ် အကောင်အထည်ဖော်ရေး အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ခ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဃ) ဦးကျော်ဆွေဝင်း၊ ကော့မှူး မဲဆန္ဒနယ်၊

(င) ဦးသိန်းတန်၊ လှည်းကူး မဲဆန္ဒနယ်၊

(စ) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

(ဇ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

(ဈ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၄၁၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၁၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၁၂ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် ၁ ရက်၊

(၃) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၄) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၅) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၆) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၃ ရက်၊

(၇) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၈) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊

(၉) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၃ ရက်၊

(၁၀) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊

(၁၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ခွင့် ၃ ရက်နှင့်

(၁၂) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး

တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်တစ်ဦး အနားယူခွင့်ပြုခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဒေါ်ချိုချို အုတ်တွင်းမဲဆန္ဒနယ်က ကျန်းမာရေးအခြေအနေအရ ကော်မတီအဖွဲ့ဝင်အဖြစ်မှ အနားယူခွင့်ပြုပါရန် တင်ပြထားပါတယ်။ ဒါကြောင့် ဒေါ်ချိုချို အုတ်တွင်းမဲဆန္ဒနယ်အား ကော်မတီအဖွဲ့ဝင်အဖြစ်မှ အနားယူခွင့်ပြုကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့် အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းမှာဖြစ်ပါတယ်။ ပြင်ဆင်ဖွဲ့စည်းရန် လျာထားထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်းနှင့် အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ကို ပုဂ္ဂိုလ်ငါးဦးနဲ့ ပြင်ဆင်ဖွဲ့စည်းမှာဖြစ်ပြီး လျာထားတဲ့ပုဂ္ဂိုလ်များကတော့

၁။ ဒေါ်စုစုလွင် သုံးခွဲမဲဆန္ဒနယ်

၂။ ဒေါက်တာဒေါ်သန်းငွေ တောင်ကြီးမဲဆန္ဒနယ်

၃။ ဦးနိုင်ထူးအောင် နွားထိုးကြီးမဲဆန္ဒနယ်

၄။ ဒေါ်အေးအေးမူ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊

အာဆီယံရေးရာဦးစီးဌာန၊နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်

၅။ ဦးတင်အောင်ချို လက်ထောက်ဌာနေကိုယ်စားလှယ်(ငြိမ်း)၊ ကုလသမဂ္ဂ

ဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့ဖြစ်ပါတယ်။

လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါ်စုစုလွင်၊ သုံးခွမဲဆန္ဒနယ်နှင့် အဖွဲ့ဝင်များအဖြစ် ဒေါက်တာဒေါ်သန်းငွေ(တောင်ကြီးမဲဆန္ဒနယ်)၊ ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)၊ ဒေါ်အေးအေးမူနှင့် ဦးတင်အောင်ချိုတို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မက်မန်းမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနဖွင့်လှစ်ပေးရန်၊ (၁၂၀ x ၉၀)ပေ အားကစားရုံနှင့်(၄၀၀ x ၃၀၀)ပေ အားကစားကွင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မက်မန်းမြို့နယ်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ မက်မန်းခရိုင်ကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁-၁-၂၀၁၃ ရက် ရက်စွဲပါစာအမှတ်(၂၀၀/၂၁-၇၅/ဦး-၁) နှင့် မက်မန်းမြို့နယ်၊ ပန်ဆမ်းမြို့နယ်၊ နားဖန်မြို့နယ်၊ မန်ကန်မြို့နယ်ခွဲတို့ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ မက်မန်းခရိုင်အနေနဲ့ ခရိုင်အဆင့်ဌာနဆိုင်ရာ ခြောက်ခု၊ မက်မန်းမြို့နယ်

အနေဖြင့် ဌာနဆိုင်ရာ ၂၀ ခုတို့ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ မက်မန်းခရိုင် မြို့နယ်အဆင့်စတင်ဖွင့်လှစ်စဉ်ကတည်းက ယနေ့အချိန်အထိ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အားကစားနဲ့ကာယပညာဦးစီးဌာန ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါဘူး။ ဦးစီးဌာနဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့အတွက် အားကစားဝန်ကြီးဌာနနှင့်ပတ်သက်တဲ့ လုပ်ငန်းတွေ အထက်ဌာနကိုတင်ပြတာပဖြစ်ဖြစ်၊ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းများ လျာထားတင်ပြတာပဲဖြစ်ဖြစ်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများရေးဆွဲဆောင်ရွက်ရာတွင်ဖြစ်ဖြစ်၊ ဌာနနှင့်လုပ်ငန်း တာဝန်ခံဦးစီးအရာရှိမရှိတဲ့အတွက် အစစအရာရာ အခက်အခဲဖြစ်ပေါ်လျက်ရှိပါတယ်။

ခရိုင်အဆင့် မြို့နယ်ဖြစ်ပေမဲ့လည်း အားကစားကွင်း၊ အားကစားနှင့်ပတ်သက်တဲ့ အဆောက်အဦ တစ်ခုမှမရှိသေးတာကိုလည်း တင်ပြလိုပါတယ်။ မြို့တိုင်း၊ ရွာတိုင်းမှာ သင့်တင့်လျောက်ပတ်တဲ့ အားကစားကွင်းတွေသာရှိမယ်ဆိုရင် အားလပ်ချိန်များမှာ ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာမယ့် အနာဂတ်လူငယ်များဟာ အလောင်းကစားခြင်း၊ စုပေါင်းအရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ဒုစရိုက်ဆောင်ရွက်ခြင်းတို့ ကင်းဝေးစေပြီးတော့ ကျန်းမာသန်စွမ်းတဲ့ လူငယ်များပေါ်ထွန်းလာမှာဖြစ်သလို ကာယစွမ်းအားမြင့်မားပြီး အားကစားစွမ်းရည်တိုးတက် မြင့်မားလာမှာလည်းဖြစ်ပါတယ်။ အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ပြီး ထူးချွန်ထက်မြတ်တဲ့ အားကစားသမားများပေါ်ထွက်လာဖို့ဆိုရင် ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များမှာ အားကစားကွင်းများ၊ Indoor Game များ အဆောက်အဦများရှိဖို့ လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ရပ်နားစဉ် မဲဆန္ဒနယ်မြေသွားရောက်တဲ့အချိန်မှာ အားကစားကွင်း၊ အားကစား အဆောက်အဦများအတွက် မြေနေရာရွေးချယ်သတ်မှတ်ပြီးဖြစ်တယ်ဆိုတာကိုလည်း ခရိုင်မြို့နယ် အဆင့်တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်သိရှိခဲ့ရသလို မြေပြင်မှာလည်း တွေ့ရှိခဲ့ရပါတယ်။ ကျွန်တော့် မေးခွန်းမှာ အားကစားကွင်း၊ အဆောက်အဦများနှင့်ပတ်သက်ရင်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ခွင့်ရရှိရေးအတွက်လည်း ရင်းနှီးမြှုပ်နှံမှုအဆိုပြုစာရင်းမှာလည်း လျာထား ဆောင်ရွက်ထားရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံတကာမှာ အားကစားကဏ္ဍပြောင်းလဲမှုတွေ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆိုရင်လည်း လူငယ်များအပေါ်တွင် များစွာမူတည်နေပါတယ်။ လူငယ်များဟာ နိုင်ငံရဲ့လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပြီးတော့ အဆိုပါစွမ်းအားနှင့် ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို တည်ဆောက်ရန် အားကစားကဏ္ဍဟာလည်း အရေးကြီးတဲ့

အခန်းကဏ္ဍမှာ ပါဝင်နေလျက်ရှိသလို မက်မန်းမြို့နယ်ဟာ ခရိုင်ရုံးစိုက်ရာမြို့ဖြစ်လာတဲ့အတွက် ခရိုင်/မြို့နယ် အင်္ဂါရပ်နှင့်အညီဖြစ်စေရန်လည်းကောင်း၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်မယ့် ထူးချွန်ထက်မြက်တဲ့ အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍လည်းကောင်း၊ မက်မန်းမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ (၁၂၀ x ၉၀)ပေ အားကစားရုံနှင့် (၄၀၀ x ၃၀၀)ပေ အားကစားကွင်းတည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုပြီး အစီအစဉ်မရှိ ပါကလည်း မည်သည့်အတွက်ကြောင့်မရှိသည်ကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မက်မန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မက်မန်းမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာန ဖွင့်လှစ်ပေးရေးအစီအစဉ်ရှိ/မရှိနှင့် ပေ (၁၂၀ x ၉၀) အားကစားရုံနှင့် ပေ (၄၀၀ x ၃၀၀) အားကစားကွင်းတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ ကိစ္စနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဖွဲ့စည်းပုံ အရ ရှမ်းပြည်နယ်အရှေ့ မက်မန်းမြို့နယ်တွင် အားကစားမှူးနှင့် နည်းပြနည်းစနစ်ပါ ဝန်ထမ်းခြောက်ဦး ခွင့်ပြုထားသော်လည်း လက်ရှိတွင် သုံးဦးသာ ခန့်ထားပါသေးတယ်။ စာရေး တစ်ဦး၊ ရုံးအကူ တစ်ဦး၊ လုပ်သားတစ်ဦး စုစုပေါင်းဝန်ထမ်း သုံးဦးပါ။ ဆက်လက်ပြီးခန့်အပ်မယ်ဆိုတာက ကျွန်တော်တို့က ရုံးမရှိသေးတဲ့အတွက် ခန့်အပ်ခြင်းမရှိခြင်းဖြစ်ပါတယ်။ ဒီခန့်ထားတဲ့ သုံးဦးကလည်း တောင်ကြီး အားကစားမှာ Attach လုပ်ထားပါတယ်။

ပိုအရေးကြီးတာကတော့ လစ်လပ်လျက်ရှိတဲ့ အားကစားမှူး တစ်ဦး၊ နည်းပြနည်းစနစ် တစ်ဦး၊ ဒု-လက်ထောက်ကြီးကြပ်ရေးမှူး တစ်ဦးကတော့ အားကစားရုံး ဖွင့်တဲ့အချိန်မှာဆိုလို့ရှိရင် ကျွန်တော်တို့ ဖွင့်တော့မယ်ဆိုရင် ကြိုတင်ပြီး ခန့်ထားမှာဖြစ်ပါတယ်။ ဒီမက်မန်းမြို့နယ်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပိုင် အားကစားဝင်းရဲ့ မြေနေရာသတ်မှတ် ထားခြင်းမရှိသေးပါဘူး။ သို့သော်လည်း ကျွန်တော်က အားကစားကွင်းအကြမ်းဖော်ထုတ်ခြင်းလုပ်ငန်း ပေ (၄၀၀ x ၃၀၀) အတွက်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ်သန်း ၄၀ ထည့်ထားပါတယ်။ ဒီဥစ္စာကိုလည်း ပြည်နယ်လွှတ်တော်ကလည်း ပြုလုပ်ပြီးပါပြီ။ အခု ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုချက်ရယူမယ်ဆိုရင် ဒါကို ကျွန်တော်တို့ စပြီးလုပ်လို့ရပါမယ်။ ဒီမက်မန်းမြို့နယ်မှာ အားကစားနှင့်ကာယပညာဦးစီးရုံး၊ အားကစားကွင်းနှင့်အားကစားရုံ တည်ဆောက်မယ်ဆိုရင်တော့ ကျွန်တော်တို့ မြခြောက်ဧကလောက်လိုပါတယ်။ အကြမ်းအားဖြင့် ပေ ၆၀၀၊ ပေ ၅၀၀ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် မြေနေရာသတ်မှတ်ပေးဖို့အတွက် ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးမှတစ်ဆင့် မက်မန်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၁၅-၇-၂၀၁၉ ရက်စွဲပါစာအမှတ်(၁၀၀၅/ကွင်းရုံ/ယပန-၁၄၈၇) ဖြင့် တင်ပြဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီမှာကြည့်လိုက်တဲ့အခါမှာ ဒီမက်မန်းမြို့နယ်ရဲ့လူဦးရေဟာ အားလုံး ၂၀၀၀၀ ပဲရှိပါတယ်။ ကျွန်တော်တို့ အားကစားရုံဆောက်မယ်။ ကွင်းဆောက်မယ်။ ဒါပေမဲ့ လူတွေက ဘယ်လောက်ကစားမလဲဆိုတာရှိပါတယ်။ စုစုပေါင်း ၂၀၀၀၀ ပဲရှိပါတယ်။ အမျိုးသားက ၁၀၀၆၈ ယောက်၊ အမျိုးသမီးက ၉၆၆၄ ယောက်၊ ၂၀၁၄ ခုနှစ် Population Census အရ သိရှိထားပြီးဖြစ်ပါတယ်။ ကစားသူများရင်များသလို အားကစားကွင်းရုံ နှစ်မျိုးရှိပါတယ်။ အဆင့် A နှင့် B ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းတာကတော့ (၁၂၀ x ၉၀)ပေဖြစ်တဲ့အတွက် ဒါဟာ A အဆင့်ပါ။ A အဆင့်ကို ဆောက်မယ်ဆိုလို့ရှိရင် သန်း ၂၅၀ ကနေ ၂၈၃ သန်းပဲကုန်မှာပါ။ သို့သော် A အဆင့် ဆောက်မယ်ဆိုလို့ရှိရင် ပေ(၁၂၀ x ၉၀)နှင့် အမြင့် ၃၆ ပေ ရှိပါတယ်။ ကစားနိုင်တဲ့ အားကစားနည်းတွေကတော့ ကြက်တောင်၊ ဘော်လီဘော၊ ဖူဆယ်၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ခရာတေး၊ ဝူရှူး၊ အလေးမ၊ ဂျူဒိုဖြစ်ပါတယ်။ အကယ်၍ လူကသိပ်မကစားဘူး။ လူလည်းနည်းတယ်ဆိုလို့ရှိရင်တော့ B အဆင့် အားကစားရုံဖြစ်တဲ့ (၁၂၀ x ၆၀)ပေ အမြင့် ၂၈

ပေရှိတဲ့ဟာကို ဆောက်ဖို့ရည်ရွယ်ပါတယ်။ ဆောက်မယ်ဆိုရင် သန်း ၁၇၀ ကနေပြီးတော့ သန်း ၂၀၀ လောက်ကုန်မှာပါ။ B အဆင့်မှာ အားကစားနည်းကတော့ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ခရာတေး၊ ဝူရှူး၊ အလေးမ၊ ဂျူဒိုအစရှိသဖြင့် ဆောက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ အဓိကတော့ မြေရဖို့ပဲရှိပါတယ်။ မြေကလည်း မြေပုံအရကြည့်မယ်ဆိုရင် ဒီမှာမြေလည်း ရှိပါတယ်။ အဲဒီတော့ မက်မန်းမြို့နယ်က သူ့သက်ဆိုင်ရာကနေပြီးတော့ ဒီမြေကိုပေးမယ်ဆိုရင် ဒါအမြန်ဆုံး ဆောက်မယ်၊ စလုပ်မယ်။ အားကစားကွင်းအကြမ်းပြီးတာနဲ့ အဲဒီမှာရှိတဲ့ ကစားလို့ရတဲ့ ဘောလုံးဂိုး တိုင်တို့၊ ဘတ်စကတ်ဘော၊ ဘော်လီဘောကစားတာတွေပဲ ကျန်တာတွေက အားလုံးတပ်ဆင်ပေးမည် ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**စစ်တွေမြို့တွင် ရုပ်ရှင်ရုံများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ အားလုံးကိုလေးစားပါတယ်။ ကျွန်တော်က မြောက်ဦးမဲဆန္ဒနယ်က ဦးဦးလှစော ဖြစ်ပါတယ်။ ကျွန်တော်က စစ်တွေမှာ ရုပ်ရှင်ရုံဆောက်လုပ်ရေးနဲ့ ပတ်သက်ပြီး မေးခွန်းမေးဖို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တွေမြို့ဟာ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ နောက်ပိုင်းမှာ ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တွေတည်တဲ့မြို့ဖြစ်ပါတယ်။ အဲဒီတော့ နောက်ဘက်နယ်ခြားမှာ ပြဿနာဖြစ်ပြီးတော့ အရှေ့အိန္ဒိယကုမ္ပဏီက တပ်တွေဟာ မြန်မာနိုင်ငံကိုဝင်တိုက်ခဲ့ပါတယ်။ တိုက်တဲ့ အတွက် အဲဒီပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၂၄ ခုနှစ်မှာစစ်နိုင်တော့ ကျွန်တော်တို့ဗမာ ပဒေသရာဇ် မင်းတွေအုပ်စိုးတဲ့ရခိုင်ပြည်ဟာ အင်္ဂလိပ်နယ်ချဲ့တွေလက်ထဲကို ရောက်သွားပါတယ်။ အဲဒီမှာ စစ်တွေ ပေါ်လာပါတယ်။ အဲဒီတော့ အင်္ဂလိပ်ခေတ်တစ်လျှောက်လုံးမှာ တစ်စုံတရာဖွံ့ဖြိုးတိုးတက်ခဲ့တယ်။ လွတ်လပ်ရေးမရခင်ထိ စစ်တွေမှာရုပ်ရှင်ရုံတစ်ရုံရှိပါတယ်။

နောက် လွတ်လပ်ရေးရပြီးတော့ ဖဆပလ အစိုးရလက်ထက်မှာ ရုပ်ရှင်ရုံသုံးရုံရှိပါတယ်။ စစ်တွေမှာ ကျွန်တော်တို့ ရခိုင်ဗုဒ္ဓဘာသာ၊ မူဆလင်၊ ဟိန္ဒူ ကက်သလစ်ရော၊ Buddhist ရော၊ တရုတ် တွေရောရှိတဲ့အတွက်ကြောင့် ဖဆပလ အစိုးရလက်ထက်ရုပ်ရှင်လေးရုံမှာ မြန်မာကားပြတဲ့ ရုပ်ရှင် ရုံနှစ်ရုံ ရှိပါတယ်။ ဟိန္ဒူစတန် ဘာသာနဲ့ပြတဲ့ ကုလားကားလို့ခေါ်တဲ့ ဟိန္ဒူကားတွေပြတဲ့ ရုပ်ရှင်ရုံ တစ်ရုံ ရှိပါတယ်။ အင်္ဂလိပ်ရုပ်ရှင်ရုံတစ်ရုံရှိပါတယ်။ လေးရုံရှိခဲ့ပါတယ်။ အခုတော့ ကံဆိုးစွာနဲ့ပဲ

ကျွန်တော်တို့ စစ်တွေမြို့မှာ ပြည်နယ်မြို့တော်ကြီးတစ်ခုမှာ ရုပ်ရှင်ရုံတစ်ရုံမျှမရှိတော့ပါဘူး။ စစ်တွေမှာတင် မဟုတ်ပါဘူး။ ရခိုင်တစ်ပြည်လုံးမှာလည်း ရုပ်ရှင်ရုံတစ်ရုံမျှမရှိတော့ပါဘူး။

ရုပ်ရှင်ဆိုတာက သုခုမအနုပညာတစ်ခုဖြစ်ပါတယ်။ ဒီခေတ်မှာ အင်မတန်လူစိတ်ဝင်စားတဲ့ ယဉ်ကျေးမှုတစ်ရပ်လည်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမိုကရေစီလူ့အဖွဲ့အစည်းမှာ ဒီလောက်မြို့ကြီးတစ်မြို့မှာ ရုပ်ရှင်ရုံတစ်ရုံမှမရှိဘူးဆိုတာဟာ အနုပညာဆိတ်သုဉ်းခြင်းလက္ခဏာတစ်ခုဖြစ်ပါတယ်။ ဒါဟာ လူ့အဖွဲ့အစည်းအတွက်ကောင်းတဲ့ ကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး။ ဒါကို ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့၊ နိုင်ငံတော်အနေနဲ့ ရုပ်ရှင်ရုံကိုတည်ဆောက်ဖို့ဆိုတာကို ပြန်လည်စဉ်းစားသင့်ပါတယ်။ အရင်တုန်းက ရုပ်ရှင်ရုံဟောင်းအခြေအနေက ဘယ်လိုလဲ။ အဲဒီလိုရုပ်ရှင်ရုံဆောက်ခြင်းအားဖြင့် ယဉ်ကျေးမှုဖြစ်လာမယ်။ နောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အပျော်အပါးလိုက်စားမှုတွေမှာ တိုက်ဖျက်ပြီးတော့ မြန်မာ့ယဉ်ကျေးမှု၊ ရခိုင်ယဉ်ကျေးမှုကို ပြန်လည်ကူးပြောင်းဆက်သွယ်နိုင်တဲ့ လမ်းကြောင်းတစ်ခုလည်းဖြစ်ပါတယ်။ အဲဒီတော့ ရခိုင်ပြည်နယ်မြို့တော် စစ်တွေမှာ ရုပ်ရှင်ရုံမရှိဘူးဆိုတာဟာ ဘယ်လိုမှ လက်ခံနိုင်စရာအကြောင်းမရှိတဲ့အတွက်ကြောင့် ရုပ်ရှင်ရုံတွေတည်ဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတာကို ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးလှစော မေးမြန်းတဲ့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ရုပ်ရှင်ရုံများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားပါမှာဖြစ်ပါတယ်။

ဒီမေးခွန်းကိုမေးမြန်းခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးလှစောကိုကျေးဇူးတင်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ရုပ်ရှင်ရုံများနည်းပါးသွားခြင်းဟာ ခုနကကိုယ်စားလှယ်တော်ကြီး သုံးသပ်သွားသလို သုခုမအနုပညာဆိတ်သုဉ်းသွားခြင်းကြောင့်မဟုတ်ဘဲ နိုင်ငံတော်ရဲ့စီးပွားရေးစနစ်များပြောင်းလဲခဲ့ခြင်းနှင့် နိုင်ငံတကာတွင် ရုပ်ရှင်ထုတ်လုပ်ပြသသည့်နည်းပညာများ တိုးတက်ပြောင်းလဲဖြစ်ပေါ်ခဲ့ခြင်းကြောင့်သာ အဓိကဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ဒီဂျစ်တယ်နည်းပညာသစ်ကို နိုင်ငံတကာရုပ်ရှင်လုပ်ငန်းမှာ ကျယ်ပြန့်စွာအသုံးပြုလာလို့ ဖလင်ထုတ်လုပ်မှု ကျဆင်းလာခဲ့ပါတယ်။ ဖလင်ရှားပါးမှုကြောင့် ရုပ်ရှင်ရိုက်ကူးရန်ခက်ခဲလာခြင်း၊ တစ်ချိန်တည်းမှာ ဒီဂျစ်တယ်ကားများပြသသည့်ရုပ်ရှင်ရုံများဖွင့်လှစ်ဖို့အတွက် ကုန်ကျစရိတ်ကြီးမားနေသဖြင့် ရုပ်ရှင်ရုံအရေအတွက်နည်းပါးသွားခြင်းတို့ကြောင့် ရုပ်ရှင်ရုံစီးပွားရေးကျဆင်းသွားရခြင်း ဖြစ်ပါတယ်။ အခြားတစ်ဖက်မှာ ယနေ့ခေတ်စီးပွားရေးမူဝါဒအရ အစိုးရကရုပ်ရှင်ရုံဖွင့်လှစ်ရန် မဆီလျော်တော့ဘဲ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂) အပိုဒ် ၇(စ)အရ ရုပ်ရှင်ရုံများကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်ရန်လိုအပ်လာခြင်းတို့ကြောင့် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ၁-၇-၁၉၆၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၂၉ အရ ပြည်သူပိုင်ပြုလုပ်ခဲ့တဲ့ရုပ်ရှင်ရုံလေးရုံရှိပြီး ယင်းတို့မှာ မြို့မရုပ်ရှင်ရုံ၊ မြရုပ်ရှင်ရုံ၊ အသံထွက်ရုပ်ရှင်ရုံနဲ့ ဇိမ်ရုပ်ရှင်ရုံတို့ဖြစ်ကြပါတယ်။ အဆိုပါရုပ်ရှင်ရုံလေးရုံအနက် မြို့မရုပ်ရှင်ရုံကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရဲ့ ၁၅-၁၂-၂၀၁၀ ရက်စွဲပါအမိန့်အမှတ်(၁၀၁/၂၀၁၀)နဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်ဖြစ်သူ ဦးထွန်းမောင်သို့ ကျပ် ၁၅၆ သန်းနဲ့ ၂၈-၁၂-၂၀၁၁ ရက်နေ့မှာ အပြီးအပိုင်လွှဲပြောင်းရောင်းချပေးခဲ့ပါတယ်။ မြရုပ်ရှင်ရုံကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရဲ့ ၁၇-၈-၁၉၉၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၅/၁၉၉၈)အရ ဒေါ်တင်မြသို့ ကျပ် ၄.၂၀ သန်းနဲ့ ၂၉-၁၀-၁၉၉၈ ရက်နေ့မှာ အပြီးအပိုင်လွှဲပြောင်းရောင်းချပေးခဲ့ပါတယ်။ ယင်းရုပ်ရှင်ရုံဝယ်ယူသူက ရုပ်ရှင်ပြသမှုအစား အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရန်တင်ပြခဲ့မှုအပေါ် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရဲ့ ၂-၈-၂၀၀၈ ရက်နေ့မှာကျင်းပပြုလုပ်ခဲ့တဲ့ (၂/၂၀၀၈)ကြိမ်မြောက်အစည်းအဝေးက လုပ်ငန်းပြောင်းလဲလုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။

မူကြမ်း

အသံထွက်ရုပ်ရှင်မြေနေရာကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရဲ့ ၂၁-၅-၂၀၀၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၀၆)အရ ဒေါ်သူဇာဇံသို့ ကျပ် ၆.၅၁ သန်းနဲ့ ၂၅-၄-၂၀၀၇ ရက်နေ့မှာ အပြီးအပိုင် လွှဲပြောင်းရောင်းချပေးခဲ့ပါတယ်။ ရောင်းချစဉ်က ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်မပါတဲ့ရုပ်ရှင်ရုံဖြစ်ပါတယ်။ ဇိမ်ရုပ်ရှင်ရုံကိုတော့ ကုန်သွယ်ရေးဌာနသို့ ၁၉၇၃ ခုနှစ်မှာ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဒီရုပ်ရှင်ရုံများအနက် မြို့မရုပ်ရှင်ရုံမှအပ ကျန်ရုပ်ရှင်ရုံများဟာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ကြီးကြပ်ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ရုပ်ရှင်ရုံများဖြစ်ကြပါတယ်။ မြို့မရုပ်ရှင်ရုံဝယ်ယူသူ ဦးထွန်းမောင်က ဒီရုပ်ရှင်ရုံကို ၂၀၁၃ ခုနှစ်အထိ ရုပ်ရှင်ပြသခြင်းအတွက် အသုံးပြုခဲ့ပြီး အဲဒီနောက်ပိုင်းမှာ ပြသခြင်းမရှိဘဲရုံပိတ်ထားတဲ့အတွက် ရုပ်ရှင်ပြန်လည်ပြသရေးကို ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့တွန်းအားပေးလို့ရတဲ့ ရုပ်ရှင်ရုံဖြစ်ပါတယ်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က အပြီးအပိုင်ရောင်းချခဲ့တဲ့ နိုင်ငံပိုင်ရုပ်ရှင်ရုံများအနက် မူလရုပ်ရှင်ပြသခြင်းလုပ်ငန်း၊ ဆက်လက်လုပ်ကိုင်ရန်တာဝန်ရှိသည့်ရုပ်ရှင်ရုံများ စာချုပ်ပါကတိကဝတ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာနက စစ်တွေမြို့ မြို့မရုပ်ရှင်ရုံအပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ ရုပ်ရှင်ရုံဝယ်ယူထားသူအားလုံးကို ၁၈-၂- ၂၀၁၅ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ခဲ့ပြီးတဲ့နောက်မှာ ဒီဂျစ်တယ်ရုပ်ရှင်ရုံများ အလျင်အမြန်ပေါ်ထွန်းလာတာကို တွေ့ရှိရပါတယ်။ ၂၀၁၅ ခုနှစ်မှာ တစ်နိုင်ငံလုံးမှာ ဖလင်နဲ့ပြသတဲ့ ရုပ်ရှင်ရုံ ၂၃ ရုံနဲ့ ဒီဂျစ်တယ်ရုပ်ရှင်ရုံ ၅၂ ရုံရှိခဲ့ရာမှ ယခုအခါမှာ ၂၅-၇-၂၀၁၉ ရက်နေ့အထိ ဖလင်ရုပ်ရှင်ရုံ ၁၀ ရုံနဲ့ ဒီဂျစ်တယ်ရုပ်ရှင်ရုံ ၁၄၄ ရုံ၊ ပိတ်ကားပေါင်းက ၁၆၅ ကားအထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဩဂုတ်လ ပထမအတွင်းမှာ နောက်ထပ်ပိတ်ကား ငါးကား ထပ်တိုးလာဖို့အစီအစဉ် ရှိပါတယ်။ လက်ကျန်ဖလင်ရုပ်ရှင်ရုံ ၁၀ ရုံမှာတော့ ဖလင်နဲ့ရိုက်ကူးထားတဲ့ ရုပ်ရှင်ကားဟောင်းများကိုသာ ပြသနိုင်ပြီး ဒီဂျစ်တယ်နဲ့ရိုက်ကူးထားတဲ့ ရုပ်ရှင်နှင့်သတင်းမှတ်တမ်းတင်ကားများကို ပြသနိုင်ခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ ယခုလက်ရှိမှာ မြို့မရုပ်ရှင်ရုံရဲ့အောက်ထပ်မှာ စားသောက်ဆိုင်ဖွင့်လှစ်ထားပြီး အပေါ်ထပ်မှာရုပ်ရှင်ပြသနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရုပ်ရှင်စတင်ပြသနိုင်မယ့်နေ့ရက်ကို သတ်မှတ်ခြင်း မရှိနိုင်သေးကြောင်းကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆက်လက်ပြီး ရခိုင်ပြည်နယ်အတွင်းက အခြားရုပ်ရှင်ရုံများအခြေအနေကို တင်ပြလိုပါတယ်။ ရခိုင်ပြည်နယ်အတွင်းရှိ အခြားရုပ်ရှင်ရုံများကတော့

ကျောက်ဖြူမြို့ရှိ အောင်မင်္ဂလာရုပ်ရှင်ရုံ၊ မောင်တောမြို့ရှိ အသံထွက်ရုပ်ရှင်ရုံ၊ သံတွဲမြို့ရှိ သိန်းရုပ်ရှင်ရုံနှင့် ရတနာ(စိတ်ဖြေရာ)ရုပ်ရှင်ရုံများ ဖြစ်ကြပါတယ်။ ဒီရုပ်ရှင်ရုံတွေကိုလည်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က လုပ်ငန်းရှင်များသို့ အပြီးအပိုင်ရောင်းချခဲ့တာဖြစ်ပြီး လွှဲပြောင်းရောင်းချခဲ့တဲ့စာချုပ်မှာ မူလရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်ပါရှိတဲ့ ရုပ်ရှင်ရုံများ ဖြစ်ကြပါတယ်။ ဒီရုပ်ရှင်ရုံများဝယ်ယူသူများအနေဖြင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်း မရှိသည့်အတွက် ရုပ်ရှင်ပြသနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်မှုဖြင့် တွန်းအားပေးဆောင်ရွက်နေခဲ့ရတဲ့ ရုပ်ရှင်ရုံများဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၁၀-၄-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၈)အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ယူ၍စီမံခန့်ခွဲလျက်ရှိတဲ့ နိုင်ငံပိုင်ရုပ်ရှင်ရုံ ၂၇ ရုံနှင့် ပုဂ္ဂလိကသို့အပြီးအပိုင်ရောင်းချခဲ့တဲ့ ရုပ်ရှင်ရုံများအနက် ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်ပါရှိတဲ့ရုပ်ရှင်ရုံ ၉၄ စုစုပေါင်း ရုပ်ရှင်ရုံ ၁၂၁ ရုံကို ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သည့်အထောက်အထား၊ စာရွက်စာတမ်းများကို သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကသို့အပြီးအပိုင်ရောင်းချခဲ့တဲ့ရုပ်ရှင်ရုံ၄ရုံကို ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်တဲ့အထောက်အထား၊ စာရွက်စာတမ်းများကို ၁၂-၉-၂၀၁၈ ရက်နေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုလွှဲပြောင်းပေးအပ်လိုက်သည့်အတွက် သက်ဆိုင်ရာရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အနီးကပ်ကြီးကြပ်တိုက်တွန်းမှုများဖြင့်သာ ပိုမိုအားစိုက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ရုပ်ရှင်လုပ်ငန်းကိုစိတ်ပါဝင်စားသော လုပ်ငန်းရှင်များက နိုင်ငံအနှံ့မှာ ရုပ်ရှင်ရုံများတည်ဆောက်လျက်ရှိပါသဖြင့် ရင်းနှီးမြှုပ်နှံလိုသူများက စစ်တွေမြို့တွင် ရုပ်ရှင်ရုံတည်ဆောက်ရေးဆောင်ရွက်လိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့်သာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စစ်တွေမြို့တွင် ရုပ်ရှင်ရုံများဆောက်လုပ်ပေးရန်အစီအစဉ်မရှိပါကြောင်းနှင့် စာချုပ်ပါစည်းကမ်းအရ ရုပ်ရှင်ပြသမှုလုပ်ငန်းဆောင်ရွက်ရမည့် မြို့မရုပ်ရှင်ရုံကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုဖြင့်သာ တွန်းအားပေး

ဆောင်ရွက်ရမှာဖြစ်ပါကြောင်း ရင်းနှီးမြှုပ်နှံလိုသည့်လုပ်ငန်းရှင်များက စစ်တွေမြို့တွင် ရုပ်ရှင်ရုံ တည်ဆောက်ရန်အဆိုပြုလျှောက်ထားလာပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ကြီးကြပ် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတစ်ဝန်းမှ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ဇာတ်ကားကြီးမပြသမီ ပညာပေးဇာတ်လမ်းတိုများ သို့မဟုတ် ပညာပေးဆောင်ပုဒ်များ ပြသပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန် တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင်ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဒီကနေ့ ပါတီစုံစနစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်အသစ်တစ်ခုကို တည်ဆောက်ဖို့ကြိုးပမ်းနေကြပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာကတော့ For The People၊ By the People၊ Of the People ဆိုတဲ့အတိုင်း ပြည်သူများအတွက် ပြည်သူလူထုတွေကို ကိုယ်တိုင် စီမံခန့်ခွဲတဲ့ ပြည်သူ့အစိုးရစနစ်ပဲ ဖြစ်ပါတယ်။ ဒီလိုစနစ်နှင့်နိုင်ငံတော်ကို တည်ဆောက်မယ်ဆိုရင် အရေးကြီးဆုံးနှင့် မဖြစ်မနေလုပ်ရမှာက ပြည်သူတွေကို အသိပညာ၊ အမြော်အမြင်၊ ဗဟုသုတ ကြွယ်ဝတဲ့ ပြည်သူတွေဖြစ်အောင် တာဝန်သိ၊ တာဝန်ခံ၊ တာဝန်ယူတတ်တဲ့ ပြည်သူတွေဖြစ်အောင်၊ တရားဥပဒေကို လေးစားလိုက်နာတဲ့ ပြည်သူတွေဖြစ်အောင် အစိုးရကတာဝန်ယူပြီးတော့ ပညာပေးမှု တွေကို နည်းလမ်းပေါင်းစုံနှင့်ပြုလုပ်ရမှာဖြစ်ပါတယ်။ အဲဒီလိုနည်းလမ်းပေါင်းစုံနှင့် ပြည်သူတွေကို ပညာပေးမှု ပြုလုပ်တဲ့အခါမှာ အရေးကြီးတဲ့ အင်မတန်ထိရောက်တဲ့ နည်းလမ်းတစ်ခုကတော့ ရုပ်ရှင် လောကပဲ ဖြစ်ပါတယ်။

ကျွန်တော့်ကို ပိုမိုထင်ရှားစေဖို့အတွက် Power Point အသုံးပြုပြီးတော့ တင်ပြခွင့်ပြုပါ ခင်ဗျား။ ဒီကနေ့ တချိန်တုန်းကတော့ ရုပ်ရှင်လောကက မြန်မာပေါ်ကားတွေ၊ တစ်ငိုတည်းငိုနေတဲ့ ကားတွေဆိုပြီးတော့ မြန်မာရုပ်ရှင်ကြည့်ပရိသတ်က ရုပ်ရှင်လောကကို ကျောခိုင်းခဲ့ကြတာ တော်တော် ကြာပါပြီ။ ဒါပေမဲ့ ပြီးခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်လောက်ကစပြီးတော့ ရုပ်ရှင်လောကရဲ့ အခြေအနေ ဟာ တစ်ဟုန်ထိုးပြောင်းလဲတိုးတက်လာပါတယ်။ တစ်နည်းအားဖြင့် ဒါရိုက်တာတွေ၊ ဇာတ်ညွှန်းရေး ဆရာတွေ၊ ထုတ်လုပ်သူတွေ၊ သရုပ်ဆောင်တွေဟာ အားကြိုးမာန်တတ်ကြိုးပမ်းခဲ့ကြတဲ့ အတွက်

ကြောင့်မို့လို့ မြန်မာ့ရုပ်ရှင်လောက၊ မြန်မာ့ရုပ်ရှင်ရုံတွေဘက်ကို ရုပ်ရှင်ချစ်တဲ့ပြည်သူတွေဟာ ပြန်ပြီးတော့ ဦးလှည့်လာကြပါတယ်။ အဲဒီတော့ ရုပ်ရှင်တွေရဲ့ လွှမ်းမိုးမှုဟာ ပြည်သူတွေအပေါ်မှာ အများကြီးကြီးမားပါတယ်။ ဒါကြောင့်မို့လို့ ရုပ်ရှင်ချစ်တဲ့ ပြည်သူတွေဟာ မြန်မာ့ရုပ်ရှင်ဇာတ်ကားတွေကို လှိုက်လှိုက်လှဲလှဲအားပေးလာကြတဲ့အချိန်မှာ ရုပ်ရှင်ရုံတွေကလည်း အရေအတွက်အများကြီးတွေ တိုးပွားလာပါတယ်။ ရုပ်ရှင်ရုံတွေကို သွားရောက်တဲ့ ပရိတ်သတ်တွေဆိုရင်လည်း တဟုန်ထိုး များပြားလာတာကို တွေ့နေရပါတယ်။

ရုပ်ရှင်ရုံတွေဆိုရင်လည်း ခုနက ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြောသွားသလိုပဲ။ ရုပ်ရှင်ရုံရဲ့အရေအတွက်ဟာ တဟုန်ထိုးတိုးပွားလာပါတယ်။ ဒီဘက်တစ်နှစ် နှစ်နှစ်အတွင်းမှာ ရုပ်ရှင်ရုံတွေရာချီပြီးတော့ တိုးပွားလာတဲ့အခြေအနေတွေကို တွေ့နေရပါတယ်။ ရုပ်ရှင်ရုံတွေတိုးလာတယ်ဆိုတာ တစ်နည်းအားဖြင့် ရုပ်ရှင်ကြည့်ပရိတ်သတ်တွေရဲ့ အားပေးမှုများပြားမြင့်တက်လာတာကို ပြနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့က ဒီလိုပြည်သူအပေါ် လွှမ်းမိုးမှုကြီးမားတဲ့ အနုပညာနည်းလမ်းတစ်ခု၊ အနုပညာလုပ်ငန်းတစ်ခုကို အသုံးပြုပြီးတော့ ပြည်သူတွေကို ပညာပေးမှုတွေလုပ်ကြရမှာ ဖြစ်ပါတယ်။

ဒါက ပြည်သူတွေရုပ်ရှင်ရုံတွေမှာ တစ်ခဲနက်အားပေးကြတဲ့ အနေအထားကို တွေ့နေရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုပြည်သူတွေရဲ့ ရုပ်ရှင်အပေါ်မှာ ချစ်မြတ်နိုးလာတဲ့စိတ်နဲ့ ရုပ်ရှင်ရုံတွေကို အများကြီးရောက်လာတဲ့ အခြေအနေကိုမူတည်ပြီးတော့ နိုင်ငံတော်အစိုးရအနေနဲ့က ပြည်သူတွေကို ပညာပေးမှုအရှိန်အဟုန်မြှင့်လုပ်ဆောင်သင့်ပါတယ်။ အဲဒီတော့ ဇာတ်လမ်းတိုတွေကိုပြပြီးတော့ ပြည်သူတွေကို ပညာပေးလို့ရပါတယ်။ ပညာပေး Program လေးတွေ၊ အတိုလေးတွေပြောပြီးတော့ ပြသလို့ရပါတယ်။ အဲဒီတော့ Power Point ခဏလေးပြန်ပြပေးပါခင်ဗျား။ ဒီမှာဆိုလို့ရှိရင် စဉ်းစားလို့ရတဲ့ကိစ္စလေးတွေကို ရုပ်ရှင်ရုံမှာအမြန်ထိုးပြလို့ရပါတယ်။ ကျသင့်သောအခွန်ကို ပြည့်ပြည့်ဝဝထမ်းဆောင်ခြင်းသည် နိုင်ငံကြီးသားပီသမှု၏ အမှတ်လက္ခဏာတစ်ခုဖြစ်သည်။ အမှိုက်များကို အမှိုက်အိတ်၊ အမှိုက်ပုံး၊ အမှိုက်ကန်မဟုတ်သောနေရာများသို့စွန့်ပစ်ခြင်းသည် နိုင်ငံ့အနာဂတ်ကို ကူညီဖျက်ဆီးနေခြင်းဖြစ်သည်။ ရွေးကောက်ပွဲများတွင် မဲပေးခြင်းသည် နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်သင့်သည့် အနိမ့်ဆုံးတာဝန်ဖြစ်သည်။ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးအောင် ကူညီဆောင်ရွက်ခြင်းဖြင့် နိုင်ငံသစ်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်နိုင်ပါသည်။ ဆေးလိပ်၊ ကွမ်းယာ

လျှော့ချသုံးစွဲခြင်းဖြင့် နိုင်ငံကအပိုကုန်ကျနေရသော ပြည်သူ့ဘဏ္ဍာငွေ ကျပ်သိန်းထောင်ပေါင်းများစွာကို သက်သာစေနိုင်သည်။

ဒီလိုတိုတိုနှင့် ထိထိမိမိ စာတမ်းလေးတွေကိုပြလို့ရှိရင် ပြည်သူတွေဟာ ခဏလေးအပန်းဖြေတဲ့အချိန်လေးမှာ အသိပညာ၊ ဗဟုသုတ တိုးပွားနိုင်ပါတယ်။ ရုပ်ရှင်ရုံတွေတစ်ရုံမှာ အချိန်လေးချိန်ပြပါတယ်။ အဲဒီတော့ အချိန်လေးချိန်မှာ တစ်ပြည်လုံးမှာရှိတဲ့ ရုပ်ရှင်ရုံရာနှင့်ချီပြီးတော့ ပြသတဲ့အချိန်မှာ လာရောက်ကြည့်ရှုတဲ့ပြည်သူတွေကို မှန်းဆကြည့်လို့ရပါတယ်။ ဒီပြည်သူတွေဟာ သူတို့ရုပ်ရှင်ကြည့်ပြီးတော့ အပန်းဖြေမှုမတိုင်မီလေးမှာ ဒီလိုဟာလေးတွေ ဖတ်လိုက်လို့ရှိရင် သူတို့ရဲ့ခေါင်းထဲမှာ အများကြီးစွဲသွားနိုင်စရာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီရုပ်ရှင်ရုံတွေ၊ ရုပ်ရှင်ဇာတ်ကားတွေကို အသုံးပြုပြီးတော့ ရုပ်ရှင်အစည်းအရုံးနှင့်ချိတ်ဆက်ညှိနှိုင်းပြီးတော့ ပညာပေးဇာတ်လမ်းတိုတွေ၊ ဆောင်ပုဒ်တွေလုပ်ပေးဖို့အတွက် နိုင်ငံတော်အစိုးရမှာ အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းမှ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ဇာတ်ကားကြီးမပြမီ ပညာပေးဇာတ်လမ်းတိုများ သို့မဟုတ် ပညာပေးဆောင်ပုဒ်များ ပြသပေးနိုင်ခြင်း ရှိ/မရှိသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းနှင့်ပတ်သက်လို့ ပြန်ကြားရေးဝန်ကြီးဌာနမှာယခင်က မြန်မာ့ရုပ်ရှင်လုပ်ငန်း(မော်ကွန်းရုပ်ရှင်ရုံးခွဲ) ရှိခဲ့ပါတယ်။ ယင်းရုံးမှာ မော်ကွန်းသတင်းမှတ်တမ်းရိုက်ကူးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး နိုင်ငံတော်ရဲ့ မူဝါဒနှင့်သက်ဆိုင်တဲ့ သတင်းမှတ်တမ်းနှင့် ပညာပေးအစီအစဉ်များကို ရိုက်ကူးကာ ရုပ်ရှင်ဇာတ်ကားမပြသမီ ပြသခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှစ၍

ရုပ်ရှင်ရုံများအား ဖလင်နှင့်ပြသတဲ့စနစ်မှ Digital စနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ပြီးသည့်နောက် နည်းပညာကန့်သတ်ချက်အရ ရုပ်ရှင်ရုံများတွင် နိုင်ငံတော်သီချင်းကိုသာ ပြသနိုင်ခဲ့ပါတယ်။ ပညာပေး ဇာတ်လမ်းတိုများနှင့် ဆောင်ပုဒ်များကို Digital စနစ်ဖြင့် ရိုက်ကူးထားတာမရှိတဲ့အတွက် ပြသနိုင်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။

သို့သော်လည်း ကျန်းမာရေးနှင့်ပတ်သက်သည့် ပညာပေးအစီအစဉ်များအဖြစ် ဇာတ်ဝင်ခန်းများအတွင်းမှာ ဆေးလိပ်သောက်သည့် ပြကွက်များပါရှိခဲ့ပါက ရုပ်ရှင်ဇာတ်ကားအစတွင် ဆေးလိပ်သောက်ခြင်းသည် သင်နှင့်သင့်ပတ်ဝန်းကျင်ရှိလူများ၏ ကျန်းမာရေးကို ဆိုးရွားစွာထိုခိုက်ပျက်စီးစေပါသည်ဆိုသည့် စာတန်းထိုးရန်နှင့် ထိုစာတန်းကို နောက်ခံအသံဖြင့်ပြောကြားပြီး ဆေးလိပ်မသောက်ရ Logo ရေးထိုးဖော်ပြရန်၊ ဇာတ်ဝင်ခန်းများအတွင်း ဆေးလိပ်သောက်သည့် ပြကွက်များပါရှိပါကလည်း ဆေးလိပ်မသောက်ရ Logo ကို ထည့်သွင်းဖော်ပြစေခြင်းများကို ရုပ်ရှင်ဇာတ်လမ်းခွင့်ပြုစဉ်ကပင် လိုက်နာဆောင်ရွက်စေလျက်ရှိပါတယ်။ အလားတူ ရုပ်ရှင်ဇာတ်ကားများထဲမှာ အရက်သောက်သည့်ပြကွက်များပါရှိပါက ရုပ်ရှင်ဇာတ်ကားအစတွင် သင်အရက်သောက်ခြင်းသည် အသည်းကိုပျက်စီးစေပြီး အသက်ကိုသေစေနိုင်ပါသည်ဆိုသည့် စာတမ်းနှင့် Logo ရေးထိုးဖော်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီးမေးမြန်းခဲ့တဲ့အတိုင်း ရုပ်ရှင်ရုံများတွင် ဇာတ်ကားမပြသမီ ပညာပေးဇာတ်လမ်းတိုများ သို့မဟုတ် ပညာပေးဆောင်ပုဒ်များ ပြသပေးရန် လိုအပ်မည်ဆိုပါက သက်ဆိုင်ရာမှ မူဝါဒလမ်းညွှန်မှုရယူကာ သင့်တော်သည်များကို Digital စနစ်ဖြင့် ရိုက်ကူးပြီး အချိန်ကာလတစ်ခု သတ်မှတ်ပြီး ရုပ်ရှင်ဇာတ်ကားကြီးမပြမီ ပြသပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများက ပညာပေးပိုစတာများဝေငှလိုပါက ရုပ်ရှင်ကြည့်ပရိတ်သတ်များမြင်နိုင်သော နေရာများတွင် ကပ်ထားပေးခြင်းနှင့် လက်ကမ်းစာစောင်များ ပေးပို့လာပါက ရုပ်ရှင်ကြည့်ပရိတ်သတ်များကို ဝေငှပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပျော်ဘွယ်မြို့နယ်မြောက်ပိုင်းရှိ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာပေါင်း ၃၀ ခန့် လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရန်အတွက် ယင်းတော်ရွာတွင် 33/11 KV 3 MVA ဓာတ်အားခွဲရုံတစ်ရုံနှင့် ကျေးရွာများအတွက် 11 KV ဓာတ်အားလိုင်း ၁၂ မိုင်ခန့် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် အားလုံး နှစ်လုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးပါ။ ဥက္ကဋ္ဌကြီးက တစ်ဆင့် ပျော်ဘွယ်မြို့နယ် ကျေးလက်နေပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိဖို့အတွက် မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ Power Point နဲ့ တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်မှာ ကျေးရွာပေါင်း ၃၁၇ ရွာရှိပြီးတော့ ၁၂၇ ရွာသာ လျှပ်စစ်မီးရရှိပါသေးတယ်။ ကျန်ရွာတွေအနေနဲ့ လျှပ်စစ်မီးရရှိရန် လိုအပ်လျက်ရှိပါတယ်။ ပျော်ဘွယ်မြို့နယ်ဟာ ၃၃ ဓာတ်အား လိုင်းကို မိတ္ထီလာ-သာစည်ကနေတစ်ဆင့် ဖြန့်ဖြူးရရှိခြင်းဖြစ်ပါတယ်။ ဒီဓာတ်အားလိုင်းဟာ ပျော်ဘွယ် မြို့နယ်မြောက်ဘက်ခြမ်းမှာရှိတဲ့ ယင်းတော်ကျေးရွာကို ဖြတ်သန်းလာခြင်းဖြစ်ပါတယ်။ ဒီယင်းတော် ကျေးရွာဟာ ယင်းတော်ရွာမနဲ့ ယင်းတော်မြို့မဆိုပြီး နှစ်ရွာရှိပြီးတော့ အိမ်ခြေပေါင်း ၁၃၇၆ အိမ် ရှိပါတယ်။ ဒီရွာအနေနဲ့ ၃၃ ကေဗွီဓာတ်အားလိုင်းကနေပြီးတော့ ၄၀၀ ဓာတ်အားလိုင်း 33.4 ထုတ်ပြီးတော့ သွယ်တန်းခွင့်တိုက်ရိုက်ရရှိနေတဲ့ ကျေးရွာဖြစ်တဲ့အတွက် လက်ရှိ လျှပ်စစ်မီးလင်းနေပြီ ဖြစ်ပါတယ်။ ဒီကျေးရွာရဲ့အရှေ့၊ အနောက်မှာ ကျေးရွာပေါင်းများစွာရှိပြီးတော့ လျှပ်စစ်မီးသုံးစွဲ နိုင်ခြင်းမရှိသေးပါဘူး။

ယခုလက်ရှိကာလမှာ ၃၃ ကေဗွီဓာတ်အားလိုင်းကနေပြီး ၄၀၀ ဗို့အားလိုင်းကို တိုက်ရိုက် သွယ်တန်းခွင့် မပြုတော့ပါဘူး။ ဒါကြောင့်မို့လို့ ယင်းတော်ရွာရဲ့အရှေ့၊ အနောက်ကျေးရွာများကို လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးဖို့ လွယ်ကူချောမွေ့စေရန်အတွက် ရည်ရွယ်ပြီးတော့ ယင်းတော် ကျေးရွာမှာ 33/11 KV နဲ့ 3 MVA ဓာတ်အားခွဲရုံတစ်ရုံနဲ့ 11 KV ဓာတ်အားလိုင်းကို ခွင့်ပြုပေးဖို့ လိုအပ်လျက်ရှိပါတယ်။ ဒီဓာတ်အားခွဲရုံအတွက်လည်း လိုအပ်တဲ့မြေနေရာကို သက်ဆိုင်ရာကျေးရွာမှာ ရှာဖွေရရှိထားပြီးဖြစ်ပါတယ်။ 33/11 KV ဓာတ်အားခွဲရုံနဲ့ 11 KV ဓာတ်အားလိုင်း ၁၂ မိုင် ခွင့်ပြုမယ် ဆိုရင် ယင်းတော်ကျေးရွာကနေ ပတ်ဝန်းကျင်ကျေးရွာပေါင်း ၃၀ ဟာ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိ ကြမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်ရဲ့ မြောက်ဘက်မှာရှိတဲ့ လျှပ်စစ်မီးမရသေးသော ကျေးရွာပေါင်း ၃၀ ခန့်ကို လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရန်အတွက် ယင်းတော် ကျေးရွာမှာ 33/11 KV၊ 3 MVA ဓာတ်အားခွဲရုံတစ်ရုံနဲ့ ကျေးရွာများအတွက် 11 KV ဓာတ်အားလိုင်း ၁၂ မိုင်ခန့်ကို တည်ဆောက်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ၊ ခွင့်ပြုပါကလည်း မည်သည့်ကာလမှာ

ဆောင်ရွက်ပေးနိုင်မယ်၊ ခွင့်ပြုနိုင်ခြင်းမရှိဘူးဆိုရင်လည်း မည်သည့်အတွက်ကြောင့် ခွင့်ပြုနိုင်ခြင်းမရှိကြောင်းဖြစ်ပြီးတော့ ဒီကျေးရွာတွေကို မည်သည့်ကာလမှာ လျှပ်စစ်မီးရရှိအောင် မည်သို့စီမံဆောင်ရွက်ပေးမှာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အဖြေအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ယင်းတော်ကျေးရွာအနီး လျှပ်စစ်ဓာတ်အားမရရှိသေးသော ကျေးရွာ ၃၀ ခန့်ကို လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် ယင်းတော်ကျေးရွာတွင် ဓာတ်အားခွဲရုံတည်ဆောက်ရန် မြေနေရာလျာထားပြီးဖြစ်ပါတယ်။ ယင်းတော်ဓာတ်အားခွဲရုံတည်ဆောက်ရန်အတွက် ၃၃ ကေဗွီဓာတ်အားလိုင်းတစ်မိုင်နှင့် 33/11 KV၊ 5 MVA ဓာတ်အားခွဲရုံတစ်ရုံ၊ 11 KV ဓာတ်အားလိုင်း ၁၂ မိုင် တည်ဆောက်ခြင်းလုပ်ငန်းတို့အတွက် လိုအပ်သောဘတ်ဂျက်ရန်ပုံငွေကို မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ အဆိုပါဘတ်ဂျက်လျာထားမှုကို ဘတ်ဂျက်အတည်ပြုချက်ရရှိပါက လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အဖြေအား ကျွန်တော်က ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)။** ။ အခုလို မန္တလေးတိုင်းဒေသကြီးရဲ့ ကိုယ်စားဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော်တို့ တောင်းဆိုထားတဲ့ 3 MVA အစား 5 MVA ဓာတ်အားခွဲရုံရမယ်ဆိုတော့လည်း အထူးပဲကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ခွင့်ပြုမယ့်

ကာလက ၂၀၂၁-၂၀၂၂ ခုနှစ်ဖြစ်နေတဲ့အတွက် ကျွန်တော် အကြံပြုတစ်ခု တင်ပြ တောင်းဆိုလိုတာကတော့ ပြည်ထောင်စုလွှတ်တော်မှာ လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးအတွက် ဘဏ္ဍာငွေခွဲယူမှုတွေကို ဆောင်ရွက်စိစစ်နေဆဲကာလဖြစ်ပါတယ်။ ဒီအဖွဲ့တွေဟာ မလိုအပ်တဲ့သုံးစွဲမှုတွေကို ဖြတ်တောက်ပြီးတော့ လျှော့ချဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီလို ဘတ်ဂျက်စိစစ်ရေးမှာ ငွေကြေးဖြတ်တောက်မှု ပိုလျှံလာမယ်ဆိုရင် ဒီငွေတွေထဲကနေပြီး ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ပြန်လည်တောင်းခံပြီးတော့ ခုနကတင်ပြတဲ့ ယင်းတော်မြို့ဓာတ်အားခွဲရုံနဲ့ ဓာတ်အားလိုင်းကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဆက်စပ်မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးခွန်းအရ ယခု လွှတ်တော်သို့တင်ပြထားသော ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုရဲ့ဘတ်ဂျက်ရန်ပုံငွေ လျာထားချက်များကို စိစစ်လျှော့ချနေခြင်းကို သက်ဆိုင်ရာလွှတ်တော်က တာဝန်ပေးထားတဲ့ ကော်မတီများက ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ မည်မျှလျှော့ချဖြတ်တောက်မည်ဆိုတာလေးလဲ ကျွန်တော်တို့ သိရှိခြင်းမရှိသေးပါဘူး။ ဒီအပြင် တင်ပြပါလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ မန္တလေးတိုင်းဒေသကြီးအစိုးရရဲ့ဘတ်ဂျက်မှာ လျာထားတာဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ဘတ်ဂျက်မှာကတော့ လျာထားဆောင်ရွက်ထားခြင်း မဟုတ်ပါဘူး။ ဒီ့အတွက်ကြောင့် ဘဏ္ဍာရေးကော်မရှင်ကို ဖြတ်သန်းလာပြီးတဲ့အထဲမှာ လုပ်ငန်းအမည်ပါဝင်ခြင်း၊ မရှိသေးပါဘူး။ အကယ်၍ အဆိုပါကိစ္စရပ်နဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ဒီလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ လုပ်ငန်းခေါင်းစဉ်နဲ့ ဘတ်ဂျက်ရန်ပုံငွေ ပြန်လည်ဖြည့်စွက်ပေးမယ်ဆိုခဲ့ရင်တော့ မိမိတို့ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ အဆိုပါလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခြင်းရှိပါတယ်ဆိုတဲ့အကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကိုယ်ထူကိုယ်ထမီးလင်းရေးဖြင့် လျှပ်စစ်ဓာတ်အားရရှိထားသည့်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရရှိရန်အတွက် သတ်မှတ်ထားသော ကြီးမြင့်သည့်နှုန်းကို မတတ်နိုင်သူများ၊ အများနည်းတူ လျှပ်စစ်မီးသုံးစွဲလိုသူများအတွက် လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင့်။ ကျွန်မကတော့ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုဖြစ်ပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)အစီအစဉ်တွင် မပါဝင်သော ကိုယ်ထူကိုယ်ထ မီးလင်းရေးဖြင့် လျှပ်စစ်ဓာတ်အားရရှိထားတဲ့ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် သတ်မှတ်ထားတဲ့ ကြီးမြင့်တဲ့နှုန်းကို မတတ်နိုင်သလို အများနည်းတူ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသူများအတွက် လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းအရင်းကို တင်ပြလိုပါတယ်။ ကိုယ်ထူကိုယ်ထ မီးလင်းရေးဖြင့် လျှပ်စစ်ဓာတ်အားရရှိတဲ့ကျေးရွာများမှာ မူလမီးလင်းရေးဆောင်ရွက်စဉ်က သတ်မှတ်ထားတဲ့ထည့်ငွေဟာ အနည်းဆုံး ကျပ် ၈၀၀၀၀၀ မှ အများဆုံးကျပ် ၁၅၀၀၀၀၀ အထိရှိတဲ့အတွက်ကြောင့် ငွေကြေးမတတ်နိုင်၍ ထုတ်ဝေနိုင်ခြင်းမရှိတဲ့ဒေသခံပြည်သူများဟာ လျှပ်စစ်ဓာတ်အားရရှိချိန်၌ သင့်တင့်လျောက်ပတ်တဲ့ငွေကြေးထည့်ဝင်ပြီး လျှပ်စစ်ဓာတ်အားကို ရရှိလိုကြပါတယ်။ ဒါပေမဲ့ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်နေတဲ့ကျေးလက်မီးလင်းရေးကော်မတီတွေရဲ့ခံယူမှု အားနည်းချက်ကြောင့် တချို့ကျေးရွာများမှာရှိတဲ့မီးလင်းရေးကော်မတီတွေဟာ နဂိုသတ်မှတ်ထည့်ဝင်ထားတဲ့ ငွေကြေးကိုသာလက်ခံနိုင်မည်ဖြစ်ပြီး တချို့ကော်မတီအများစုဆိုရင် နောက်ကျမှထည့်ဝင်တဲ့အတွက် သတ်မှတ်ထားသောငွေကြေးအပြင် ဒဏ်ကြေးကိုပါထည့်ဝင်ရမည်ဆိုသောကြောင့် ကိုယ်ထူကိုယ်ထမီးလင်းရေးဖြင့် ဆောင်ရွက်ထားတဲ့ကျေးရွာများမှာရှိတဲ့ ငွေကြေးမတတ်နိုင်သူ၊ လျှပ်စစ်ဓာတ်အားရလိုတဲ့သူတွေက အခက်ကြုံရပြီး အများနည်းတူ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်မရ ဖြစ်နေကြရပါတယ်။ ကိုယ်ထူကိုယ်ထမီးလင်းရေးဆောင်ရွက်မှုကြောင့် ၁၁ ကေဗွီကြိုးတွေ၊ ၄၀၀ ဗို့အားလိုင်းများ ထရန်စဖော်မာအိုးများအတွက်လည်း ငွေထပ်မံကုန်ကျစရာမလိုတော့တဲ့အတွက်ကြောင့် နောက်မှ ထည့်ဝင်သူများအနေဖြင့် သက်သာတဲ့ငွေကြေးထည့်ဝင်ရင် အဆင်ပြေမည်ဖြစ်သော်လည်း မီးလင်းရေးကော်မတီတချို့ရဲ့ စီမံခန့်ခွဲမှုလိုအပ်ချက်များကြောင့် ယခုလိုပြဿနာတွေ ကြုံတွေ့နေရခြင်းဖြစ်ပါတယ်။ ယခုလိုနောက်ကျမှထည့်ဝင်ခြင်းသည်လည်း တမင်သက်သက်လုပ်ဆောင်တာမျိုး

မဟုတ်ဘဲ အမှန်တကယ်ကို မူလကသတ်မှတ်ထားတဲ့နှုန်းထားကိုမတတ်နိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်မှတာဝန်ယူဆောင်ရွက်နေတဲ့ NEP အမျိုးသားလျှပ်စစ်ရရှိရေးစီမံကိန်းမှာပါဝင်တဲ့ကျေးရွာတွေအနက် မူလသတ်မှတ်ထားတဲ့စာရင်းမှာပါသော်လည်း ကိုယ်ထူကိုယ်ထမီးလင်းရေးဆောင်ရွက်ခဲ့ကြတဲ့ရွာတွေကို ချန်လှပ်ခံရထားပြီးတော့ ကျန်ရွာများအတွက်သာ လုပ်ဆောင်ပေးနေကြပါတယ်။ သို့ပေမဲ့ ကိုယ်ထူကိုယ်ထမီးလင်းရေး ဆောင်ရွက်တဲ့ရွာတွေမှာကျတော့ အိမ်ရှင်ထက်ဝက်ကျော်ခန့်သာ သတ်မှတ်ထားတဲ့ငွေကြေးကို အမှန်တကယ်မတတ်နိုင်သောကြောင့်မီးမလင်းဘဲဖြစ်နေကြရပါတယ်။ ထို့အတွက်ကြောင့် နိုင်ငံတော်မှလည်း ထောက်ပံ့ချက်တစ်စုံတစ်ရာမရရှိတဲ့ကိုယ်ထူကိုယ်ထမီးလင်းရေးဖြင့် ဆောင်ရွက်ထားပြီးတဲ့ကျေးရွာများရှိ အများနည်းတူ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်မရှိသူများမှာ လွန်စွာနစ်နာနေကြရပါတယ်။ အဆိုပါ လျှပ်စစ်ဓာတ်အားမရရှိသူများအနေဖြင့် အများနည်းတူ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ငွေကြေးတစ်စုံတစ်ရာမပေးရဘဲ အလကားရမည်ဟုလည်း မှတ်ယူထားတာမရှိပါဘူး။ ၎င်းတို့အနေဖြင့် တတ်နိုင်တဲ့၊ သင့်တင့်တဲ့ ငွေကြေးကို ပေးဆောင်လိုကြသော်လည်း မီးလင်းရေးကော်မတီတွေ ရဲ့ငြင်းဆိုမှုကြောင့်သာ လျှပ်စစ်မီးမရခဲ့ခြင်းဖြစ်ပါတယ်။ မီးလင်းရေးကော်မတီအတွက် ချမှတ်ထားတဲ့ စည်းကမ်းချက်အချို့မှာလည်း အမှန်တကယ် မီးလင်းလိုသူများအတွက် အခက်အခဲဖြစ်စေတာတွေကိုလည်း တွေ့ရှိရပါတယ်။

ထို့အတွက်ကြောင့် အမှန်တကယ်နစ်နာနေသူတွေကတော့ နိုင်ငံတော်မှထောက်ပံ့ချက်တစ်စုံတစ်ရာမရရှိတဲ့ ကိုယ်ထူကိုယ်ထမီးလင်းရေးအဖြစ် ဆောင်ရွက်ပြီးသောကျေးရွာများမှာရှိတဲ့ သတ်မှတ်ထားသောငွေကြေးမတတ်နိုင်သူ အများနည်းတူလျှပ်စစ်ဓာတ်အားသုံးစွဲခွင့်မရရှိသူ ပြည်သူများသာဖြစ်တဲ့အတွက်ကြောင့် ၎င်းတို့အတွက် လျှပ်စစ်မီးကို အများနည်းတူပါဝင်သုံးစွဲခွင့်ရရှိနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချိုမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်က ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ နှစ်စဉ် ပြည်ထောင်စု လွှတ်တော်က အတည်ပြုခွင့်ပြုပြဋ္ဌာန်းပေးလိုက်တဲ့ ဘဏ္ဍာငွေပေါ်မှာမူတည်ပြီး မြန်မာတစ်နိုင်ငံလုံး မှာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်း၊ ပို့လွှတ်မှုအပိုင်း၊ ဖြန့်ဖြူးမှု အပိုင်း၊ ကွပ်ကဲမှုအပိုင်းအားလုံးကို ဟန်ချက်ညီအောင် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များဟာ ဓာတ်အားစနစ်ကို တိုးတက်ပြီးရောက်ရှိလာစေဖို့နှင့် ဓာတ်အားစနစ်ရောက်ရှိပြီးတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာလည်း ကျေးလက်ဒေသများအထိကို ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ ဆက်လက်ရောက်ရှိပြီး ဓာတ်အားဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်ရပါ တယ်။ ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ဓာတ်အားပေးစက်ရုံများတည်ဆောက်ခြင်း၊ ပုဂ္ဂလိက ဓာတ်အားပေးစက်ရုံများထံက ဓာတ်အားဝယ်ယူရခြင်း၊ ပို့လွှတ်မှုအပိုင်းမှာ ဓာတ်အားစနစ်ကို ပိုမို တည်ငြိမ်ရန်နှင့် ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ရန် ၅၀၀ ကေဗွီဗို့အားအဆင့်ထိ တိုးမြှင့်ပြီး ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ ဓာတ်အားလိုင်းများနှင့် ခွဲရုံများဖြန့်ဖြူးမှုအပိုင်းမှာလည်း ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို နိုင်ငံတော်ဘဏ္ဍာငွေအပြင် ချေးငွေများ အထောက် အပံ့များနှင့် ရယူကာဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ အထိ အိမ်ထောင်စုပေါင်း ၄၅ ရာခိုင်နှုန်းထိ လျှပ်စစ်ဓာတ်အားရရှိသေးတာဖြစ်ပါတယ်။ ကျေးရွာပေါင်း ၆၃၂၇၇ ရွာအနက်မှ ၁၄၁၄၉ ရွာ ရွာအားလုံးရဲ့ ၂၂.၄ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားရရှိသေးတာ ဖြစ်ပါတယ်။

ဒီအတွက် ဝန်ကြီးဌာနအနေနဲ့ ကျန်ရှိတဲ့ကျေးရွာတွေ၊ လျှပ်စစ်ဓာတ်အားရရှိနိုင်မှု၊ ကမ္ဘာ့ဘဏ် ချေးငွေနဲ့ဆောင်ရွက်တဲ့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းမှာ ပထမအဆင့်အနေနဲ့ ၁၁ ကေဗွီလိုင်းကနေ ၂ မိုင်အတွင်းမှာတည်ရှိတဲ့ကျေးရွာများကို လျှပ်စစ်ဓာတ်အားရရှိရေး ဒုတိယ အဆင့်အနေနဲ့ ၁၁ ကေဗွီလိုင်းကနေ ၅ မိုင်အတွင်းမှာရှိတဲ့ကျေးရွာများကို လျှပ်စစ်ဓာတ်အားရရှိရေး တတိယအဆင့်အနေနဲ့ ၁၀ မိုင်အတွင်းမှာရှိတဲ့ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး၊ စတုတ္ထအဆင့်

အနေနဲ့ ၁၀ မိုင်အထက်မှာရှိတဲ့ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးကို အဆင့်အလိုက် စီမံချက်ချပြီးဆောင်ရွက်နေတာဖြစ်ပါတယ်။ လက်ရှိ ကမ္ဘာ့ဘဏ်က ချေးငွေရယူထားတဲ့အမေရိကန်ဒေါ်လာ သန်း ၃၁၀ နဲ့ဆောင်ရွက်တဲ့ အခြေအနေဟာ ပထမအဆင့် ၂ မိုင်အတွင်းမှာရှိတဲ့ရွာပေါင်း ၅၀၈၀ နှင့် ဒုတိယအဆင့် ၅ မိုင်အတွင်းမှာရှိတဲ့ကျေးရွာပေါင်း ၇၀၀၀ ကျော်ရှိတဲ့အနက်ကနေပြီးတော့ ကျေးရွာပေါင်း ၄၀၀၀ ခန့်အထိသာ လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယအဆင့်မှာ ကျန်ရှိမယ့်ကျေးရွာများအပြင် တတိယအဆင့်၊ စတုတ္ထအဆင့်တွေအတွက်လည်း ကျွန်တော်တို့ ဘဏ္ဍာရန်ပုံငွေများထပ်မံများစွာ လိုအပ်နေမှာဖြစ်ပါတယ်။ ကျေးရွာတွေအားလုံး ဓာတ်အားစနစ်ကနေ လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့ နှစ်အတော်ကြာအချိန်ယူဆောင်ရွက်ရန် လိုအပ်နေတဲ့အတွက်ကြောင့် ထိုအချိန်ကို မစောင့်နိုင်ဘဲနဲ့ ကိုယ့်အားကိုယ်ကိုးကျေးရွာမီးလင်းရေးခွင့်ပြုရန် လျှောက်ထားလာတာတွေကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါတယ်။

ကိုယ့်အားကိုယ်ကိုးကျေးရွာမီးလင်းရေးအတွက် လျှောက်ထားလာတဲ့အခါမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့အတည်ပြုမှုနဲ့ ကျေးရွာမီးလင်းရေးကော်မတီများကိုဖွဲ့စည်းပြီး ကျေးရွာအတွင်းက အများသဘောတူညီချက်နဲ့ လက်မှတ်တွေရေးထိုးပြီး သတ်မှတ်ငွေကြေးကို ၎င်းတို့ရဲ့ဆွေးနွေးတိုင်ပင်မှုကနေရရှိတဲ့ ရလဒ်ပေါ်ကနေ စုစည်းကောက်ခံဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မည်မျှကောက်ခံရန်ဆိုတဲ့စည်းကမ်းကို သတ်မှတ်ပေးခဲ့တာမဟုတ်ပါဘူး။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ကျေးရွာသားအချို့ကနေ သတ်မှတ်တဲ့နှုန်းကို ထည့်ဝင်ဖို့မတတ်နိုင်တဲ့ အခြေအနေကြောင့်လည်း မထည့်ဝင်တာတွေရှိတယ်။ ကျေးရွာသားအချို့ကတော့ မီးလင်းရေးကော်မတီမှာပါဝင်တဲ့ ပုဂ္ဂိုလ်တွေဦးဆောင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ပုဂ္ဂိုလ်ရေးအရ၊ လူမှုရေးအရအကြောင်းကြောင်းကြောင့် အဆင်မပြေမှုတွေအရ မထည့်ဝင်တာတွေလည်းရှိတယ်။ တချို့က အများသဘောတူသတ်မှတ်ကြေးကို ထည့်ဝင်လိုမှုမရှိတဲ့အတွက်ကြောင့် မထည့်ဝင်တာတွေရှိပြီးတော့ အဆိုပါကျေးရွာများမှ လျှပ်စစ်ဓာတ်အားရရှိတဲ့အခါမှာ တချို့က ပိတ်ဆို့သောအိမ်ထောင်စုများက လျှပ်စစ်ဓာတ်အားရရှိပြီး တချို့သောအိမ်ထောင်စုများက လျှပ်စစ်ဓာတ်အားမရရှိဘဲ ကျန်ရှိနေကြတာဖြစ်ပါတယ်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းမှာမပါဝင်ဘဲနဲ့ လက်ရှိကိုယ်ထူကိုယ်ထမီးလင်းရေးနဲ့ လျှပ်စစ်ဓာတ်အားရရှိပြီးတဲ့ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိဖို့ သတ်မှတ်ထားတဲ့နှုန်းကို မထည့်ဝင်လို့ အများနည်းတူ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ကျန်ရှိနေတဲ့အခြေအနေများကို ကျေးရွာသူ

ကျေးရွာသားအချင်းချင်းဆွေးနွေးညှိနှိုင်းမှုမရှိဘဲ ပြည်ထောင်စုဝန်ကြီးဌာနက အခြားနည်းလမ်းဖြင့် ဆောင်ရွက်ပေးခဲ့မယ်ဆိုခဲ့ရင် မူလက ငွေကြေးထည့်ဝင်ခဲ့ပြီးသူများကလည်း မကျေနပ်မှုကို ပြန်လည်ပေါ်ပေါက်လာပြီး ထည့်ဝင်သူများနှင့် မထည့်ဝင်သူများအကြားမှာလည်း ထပ်မံရှုပ်ထွေးမှုများသာ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ အထက်ပါအခြေအနေလိုမျိုးတွေ ပေါ်ပေါက်လာနိုင်မှာဖြစ်တဲ့အတွက်ကြောင့် အဆိုပါကျေးရွာများမှ ဖြစ်ပေါ်နေတဲ့ကိစ္စရပ်တွေကို မြို့နယ်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေ၊ ကျေးရွာမီးလင်းရေးကော်မတီတွေ၊ မီးလင်းရန်ကျန်ရှိနေတဲ့အိမ်ထောင်စုတွေ၊ မီးလင်းပြီးရန်ပုံငွေထည့်ဝင်ထားခဲ့တဲ့ပြည်သူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးဆွေးနွေးညှိနှိုင်းဖြေရှင်းသွားဖို့လိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါရှင်။ အခု ဒုတိယဝန်ကြီးအနေနဲ့ ဖြေကြားချက်များမှာ တွေ့ဆုံမှုရှိပေမဲ့လည်း ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းထပ်မံပြီးတော့ မေးမြန်းလိုပါတယ်။ ဒါကတော့ အခုကိုယ်ထူကိုယ်ထမီးလင်းရေးကို ဆောင်ရွက်တဲ့ကျေးရွာတွေဟာ ဒုတိယဝန်ကြီးဖြေကြားထားတဲ့ထဲမှာတော့ ဒီမီးလင်းရေးကိုမစောင့်နိုင်တဲ့အတွက်ကြောင့် ကိုယ်ထူကိုယ်ထဆောင်ရွက်ရတယ်လို့ပြောပါတယ်။ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီလိုကိုယ်ထူကိုယ်ထဆောင်ရွက်တဲ့ကျေးရွာတွေထဲမှာ NEP စီမံကိန်းထဲမှာပါဝင်တဲ့ကျေးရွာတွေလည်း ပါပါတယ်။ NEP စီမံကိန်းကို အကောင်အထည်ဖော်ဆောင်နေတဲ့အခါမှာဆိုရင် အခုလို ကိုယ်ထူကိုယ်ထနဲ့လုပ်ခဲ့တဲ့ကျေးရွာတွေကို မထည့်တော့ပါဘူး။ အဲဒီတော့ ကိုယ်ထူကိုယ်ထမီးလင်းတဲ့ ကျေးရွာတွေကလည်း ကျွန်မခုနက မေးခွန်းမှာတင်ပြထားတဲ့အတိုင်းပဲ တစ်ရွာလုံးရဲ့ထက်ဝက်ကျော်ဟာဆိုရင် ငွေကြေးအင်အားမတတ်နိုင်လို့ သူတို့ဟာ မီးမလင်းကြပါဘူး။ အဲဒီတော့ သူတို့အနေနဲ့ဟာ အခု NEP စီမံကိန်းမှာ နဂိုကပါဝင်ရဲ့သားနဲ့ ကိုယ်ထူကိုယ်ထမီးလင်းရေးအစီအစဉ်ဆောင်ရွက်လိုက်တဲ့အတွက် NEP မီးလင်းရေးစီမံကိန်းမှာလည်း ပါဝင်ခြင်းမရှိကြရတော့ပါဘူး။

အဲဒီတော့ သူတို့မှာ နိုင်ငံတော်ရဲ့အထောက်အပံ့ကိုလည်း မရဘူး။ တစ်ဖက်မှာလည်း ဒီကိုယ်ထူကိုယ်ထမီးလင်းရေးအတွက် ဘယ်လိုမှမတတ်နိုင်လို့ သူတို့က မီးမလင်းရတာပါ။ ဒုတိယဝန်ကြီးဖြေကြားခဲ့သလို မီးလင်းရေးကော်မတီနဲ့ကော်မတီကိုမကျေနပ်လို့ ထည့်ဝင်နိုင်လျက်သားနဲ့

ငွေကြေးမထည့်ဝင်ခြင်းမဟုတ်ပါဘူး။ တကယ်ကို အမှန်တကယ် ငွေကြေးမတတ်နိုင်တဲ့အတွက်ကြောင့် အင်မတန်မှမီးလင်းချင်လျက်သားနဲ့ အခုလိုမျိုး ငွေကြေးမတတ်နိုင်တဲ့အတွက်ကြောင့် မီးလင်းရခြင်းဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတော်ကနေပြီးတော့ မီတာခနှုန်းထားတွေကို တိုးမြှင့်ပြီးတော့ ကောက်လိုက်တဲ့အတွက်ကြောင့်မို့လို့ ဝင်ငွေတွေလည်း တိုးမြှင့်လာပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒုတိယဝန်ကြီး ပြောတဲ့အထဲမှာ ဘတ်ဂျက်လိုအပ်ချက်ကြောင့်ဆိုပေမဲ့လည်း အခု လျှပ်စစ်ဘက်မှာ အရှုံးပေါ်နေရာကနေပြီးတော့မှ မီတာခတွေတိုးမြှင့်ကောက်ခံတဲ့အတွက်ကြောင့် ဝင်ငွေတွေလည်း တိုးလာပြီဖြစ်တဲ့အတွက် အခုလိုမျိုးကိုယ်ထူကိုယ်ထမီးလင်းရေးမှာ ဘာအထောက်အကူမှမရတဲ့ အများနည်းတူ မီးလင်းချင်တဲ့သူတွေအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဘယ်လိုများစီစဉ်ဆောင်ရွက်ပေးဖို့အစီအစဉ်ရှိပါကြောင်း ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းမေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ မူလက NEP စာရင်းများကိုကောက်ယူလိုက်တဲ့အချိန်မှာ Plan အတွင်းမှာအကျုံးဝင်တဲ့ကျေးရွာများစာရင်းထွက်ပေါ်လာတာဖြစ်ပါတယ်။ အဆိုပါစာရင်းများထွက်ပေါ်လာသည့်တိုင်အောင် စာရင်းကောက်ယူတဲ့ကာလဟာ အမှန်တကယ်ဆောင်ရွက်ဖို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနထံ ကျွန်တော်တို့ရဲ့ချေးငွေရယူရေးအဆိုပြုတင်ပြဖို့၊ အစီရင်ခံစာတွေပြုစုဖို့ ကြိုတင်လုပ်ငန်းဆောင်ရွက်တဲ့အချိန်ကာလကတည်းကပေါ်ပေါက်တာဖြစ်ပါတယ်။ ချေးငွေအဆိုပြုတဲ့ အဆိုပြုချက်တွေ တင်ပြရပြီးတဲ့နောက်မှာ ကမ္ဘာ့ဘဏ်နဲ့လည်း ဆက်လက်ညှိနှိုင်းဆွေးနွေးရတဲ့ကိစ္စရပ်တွေ အများကြီးအချိန်ယူဆောင်ရွက်ခဲ့ရပါတယ်။ ဒီ့အတွက်ကြောင့် အကျုံးဝင်တဲ့ကျေးရွာစာရင်းတွေ ပေါ်ပေါက်လာသည့်တိုင်အောင် မြေပြင်မှာလက်တွေ့တည်ဆောက်အကောင်အထည်ဖော်နိုင်ဖို့အချိန်တွေအများကြီး စောင့်ဆိုင်းခဲ့ရပါတယ်။ ဒီလိုစောင့်ဆိုင်းခဲ့ရတဲ့အတွက်ကြောင့်လည်း အချို့သောကျေးရွာတွေက စာရင်းထဲမှ မည်မျှပင်ပါနေစေကာမူ ၎င်းတို့ရဲ့အများသဘောတူဆန္ဒနှင့် ကိုယ့်အားကိုယ်ကိုးပဲ ဆောင်ရွက်ပါမယ်ဆိုပြီး လျှောက်ထားလာတာဖြစ်ပါတယ်။ ထိုကဲ့သို့လျှောက်ထားလာတဲ့အခါမှာ ထိုကိစ္စရပ်များနှင့်ပတ်သက်ပြီး ကမ္ဘာ့ဘဏ်နှင့်ဆက်လက်ဆွေးနွေးညှိနှိုင်းရပါတယ်။ အဲဒီလို ဆွေးနွေးညှိနှိုင်းတဲ့အခါမှာ ကမ္ဘာ့ဘဏ်အနေနဲ့ကတော့ ဒီလိုဆောင်ရွက်တဲ့ရွာတွေမှာ ကမ္ဘာ့ဘဏ်ရဲ့ချေးငွေနဲ့ Partially ဝင်ပြီးတော့လုပ်လို့၊ ကျွန်တော်

ဆောင်ရွက်ပေးလို့မရဘူးဆိုတဲ့အခြေအနေပေါ်ပေါက်လာပါတယ်။ ဒီအတွက်ကြောင့် ကိုယ့်အား ကိုယ်ကိုးဆောင်ရွက်မယ့်ကျေးရွာတွေက လျှောက်ထားလာလို့ရှိရင် ကမ္ဘာ့ဘဏ်ရဲ့ချေးငွေနဲ့ ဆောင်ရွက်မယ့် NEP မှာ ပါသော်ငြားလည်း အကယ်၍ သူတို့က အချိန်ဦးပြီး ဆောလျင်စွာ ဆောင်ရွက်ခဲ့မယ်ဆိုခဲ့ရင် ဒီစာရင်းကနေပြီးတော့ ဒီရွာတွေကိုဖယ်ပြီးတော့မှ ဆက်လက်ဆောင်ရွက် ရမယ်ဆိုတဲ့အကြောင်းလည်း အသိပေးပြောကြားခဲ့တာဖြစ်ပါတယ်။ ထိုကဲ့သို့ အသိပေးပြောကြားပြီး တာဖြစ်တဲ့အတွက်ကြောင့် ကမ္ဘာ့ဘဏ်ရဲ့ချေးငွေထဲကနေပြီးတော့ ဒီရွာတွေကို ဆက်လက်ပြီး ဘတ်ဂျက်စိုက်ထုတ်ဆောင်ရွက်နိုင်တဲ့စာရင်းတွေ ဆက်လက်အကျုံးမဝင်တော့တာ ဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့် ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသလို ကျေးရွာတွေဟာ ကိုယ်ထူ ကိုယ်ထစိုက်ထုတ်ပြီးတော့လုပ်တဲ့အချိန်မှာ ငွေကြေးမထည့်ဝင်ခဲ့တဲ့ပြည်သူတွေ ကျန်ရှိနေပြီဆိုသည့် တိုင်အောင် အဆိုပါနေရာတွေကို ဆောင်ရွက်ဖို့ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့လုပ်ငန်း ဆောင်ရွက်မှု က NEP နဲ့ဆောင်ရွက်ပေးတယ်ဆိုတာက အဆိုပါရွာကို ၁၁ ကေဗွီလိုင်းတည်ဆောက်ပေးခြင်း၊ ၁၁.၄ ထရန်စဖော်မာတည်ဆောက်ပေးခြင်းအထိသာ ပါဝင်တာဖြစ်ပါတယ်။

အဆိုပါကျေးရွာတွေဟာ ကိုယ်ထူကိုယ်ထလုပ်တဲ့အခါမှာ ၁၁ ကေဗွီလိုင်းကလည်း ဆောက်ပြီး နေပြီ။ ၁၁.၄ ထရန်စဖော်မာကလည်း တပ်ဆင်ပြီးဖြစ်နေပြီဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ချေးငွေနဲ့ ဆောင်ရွက်တဲ့ကျေးရွာတွေရဲ့အိမ်တစ်အိမ်ချင်းအရောက်ကို ၄၀၀ ဗို့လိုင်းနဲ့မီတာတွေတပ်ဆင်ပေးခြင်း မပါတာဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့် NEP နဲ့တည်ဆောက်တဲ့ရွာတွေမှာလည်းပဲ ကျေးရွာတစ်အိမ်ချင်း၊ မီးသုံးသူတစ်အိမ်ချင်းက ၄၀၀ ဗို့လိုင်းနဲ့မီတာတပ်ဆင်ခြင်း၊ အိမ်တွင်းဝါယာရိန် ရိုက်ခြင်းကို ၎င်းတို့ရဲ့ ကုန်ကျစရိတ်မှာ ဆောင်ရွက်ရပါတယ်။ ဒါကြောင့် ယခုကိုယ်ထူကိုယ်ထ မီးလင်းပြီးတဲ့ကျေးရွာမှာ ကျန်ရှိနေတဲ့အိမ်တွေက သူတို့အိမ်တွေအထိလိုအပ်တဲ့ ၄၀၀ ဗို့ကိုလည်း အိမ်တွင်း ဝါယာရိန်တွေ၊ မီတာခတွေကို သူတို့ကပဲ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်မှာ အဆိုပါမီးလင်းရန်ကျန်ရှိနေတဲ့ အိမ်များအတွက် မည်သို့ ဆောင်ရွက်ပေးနိုင်မလဲဆိုတာကို ပြည်ထောင်စုဝန်ကြီးဌာနရဲ့အစီအစဉ်မှာ မူလကတည်းက NEP မှာ ဆောင်ရွက်ရန်ရှိတဲ့အတွက် ထိုအချက်ကပါရှိခြင်းမရှိတဲ့အတွက်ကြောင့် ကိုယ်ထူကိုယ်ထကျေးရွာတွေ မီးလင်းတဲ့ကိစ္စမှာလည်း ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတောင်ပိုင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရည်မှန်းတည်ဆောက်နေသော LNG ဓာတ်အားပေးစီမံကိန်း(ကံပေါက်)အား မည်ကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်နိုင်ဦး(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံတောင်ပိုင်း လျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းတည်ဆောက်နေသော LNG ဓာတ်အားပေးစီမံကိန်း(ကံပေါက်)အား မည်ကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ LNG ဓာတ်အားပေးစီမံကိန်း(ကံပေါက်)ကို ပြင်သစ်နိုင်ငံ TOTAL ကုမ္ပဏီနှင့် ဂျာမနီနိုင်ငံ SIEMENS ကုမ္ပဏီတို့ ပူးပေါင်းပြီး အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ် ကံပေါက်မှ ပဲခူးတိုင်းဒေသကြီး ဘုရားကြီးအထိ သွယ်တန်းမည့် 500 KV မဟာဓာတ်အားလိုင်းနှင့် ၁၂၃၀ မဂ္ဂါဝပ်ထုတ်လုပ်မည့် ဓာတ်အားပေးစက်ရုံတို့ပါဝင်ကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံတောင်ပိုင်း လျှပ်စစ်ဓာတ်အားရရှိပြီး မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်ရန် Clean Energy ကို အသုံးပြုခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက် အရေးပါသော စီမံကိန်းတစ်ခုဖြစ်ကြောင်းသိရှိရပြီး ရှိပြီးသား အခြေခံအဆောက်အဦများနှင့် အနာဂတ်ပြည်တွင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို သုံးစွဲရန် ရည်မှန်းတည်ဆောက်ခြင်း ဖြစ်သည်ဟု သိရှိရပါတယ်။ သွယ်တန်းမည့် ဓာတ်အားလိုင်းသည်လည်း တိုင်းဒေသကြီး/ပြည်နယ် လေးခုရှိ မြို့နယ် ၁၂ မြို့နယ်၊ ကျေးရွာပေါင်း ၂၅၃ ရွာ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁၈ ရွာ၊ မွန်ပြည်နယ်တွင် ၁၃၇ ရွာ၊ ကရင်ပြည်နယ်တွင် ၇၂ ရွာ၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၆ ရွာ ဖြတ်သန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏လုပ်ငန်းစဉ်များ တွင်လည်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သော ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သည့်

လျှပ်စစ်ဓာတ်အားကိုဝယ်ယူ၍ နှစ်စဉ်တိုးတက်လျက်ရှိသော ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားမည်ဟု ပါရှိပြီးဖြစ်ရာ လျှပ်စစ်မီးရရှိရေးနှင့်ပတ်သက်ပြီး များစွာမျှော်လင့်နေသော မြန်မာနိုင်ငံတောင်ပိုင်းရှိ ပြည်သူများမှာ စီမံကိန်းလျာထားချက်များအတိုင်း အချိန်မီအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပြည်သူနှင့်ဆက်စပ်လုပ်ဆောင်ရမည့် ကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရေး မျှော်လင့်နေကြပါတယ်။ သို့ဖြစ်ပါ၍ LNG ဓာတ်အားပေးစီမံကိန်း(ကံပေါက်)အား မည်ကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို လျှပ်စစ်မီးရရှိရေးမျှော်လင့်နေသော ပြည်သူများသိရှိနိုင်ရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးမေးမြန်းတဲ့ ဓာတ်အားပေးစက်ရုံစီမံကိန်းကို တည်ဆောက်တဲ့အခါမှာ ဓာတ်အားပေးစက်ရုံတစ်ခုတည်းသာမကဘဲနဲ့ ၅၀၀ ကေဗွီဓာတ်အားလိုင်းကြီးကို တိုင်းဒေသကြီးနှင့်ပြည်နယ်လေးခုကို ဖြတ်သန်းပြီး ကျေးရွာပေါင်းများစွာနဲ့ဆက်စပ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အဆိုပါဓာတ်အားလိုင်းဖြတ်သန်းရာနယ်နိမိတ်တစ်လျှောက်မှာ တည်ရှိတဲ့ နေထိုင်သူပြည်သူတွေအနေနဲ့ ဆက်လက်ပြီးဆောင်ရွက်သွားရန်ရှိတဲ့ ဓာတ်အားလိုင်းစီမံကိန်းနှင့်ပတ်သက်ပြီး သူတို့ရှင်းလင်းစွာနားလည်နိုင်ဖို့အတွက် သက်ဆိုင်ရာဒေသမှာရှိတဲ့ အုပ်ချုပ်ရေးအဖွဲ့တွေ၊ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ၊ ပြည်သူလူထုတွေကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းတွေနဲ့အတူ ဒေသအသီးသီးမှာ တွေ့ဆုံပြီးတော့ စီမံကိန်းနှင့်ပတ်သက်တဲ့ အကြောင်းအရာတွေကို ရှင်းလင်းဆွေးနွေးတဲ့ Public Consultation လုပ်ငန်းတွေကိုဆောင်ရွက်လျက်ရှိပါတယ်။ ဒီအပြင် ဓာတ်အားလိုင်းဖြတ်သန်းမယ့် တည်နေရာတွေနဲ့ပတ်သက်ပြီးတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုတွေ၊ ဖြတ်သန်းတည်ဆောက်ရမယ့်နေရာမှာရှိတဲ့ သစ်တောဧရိယာကင်းလွတ်မှုရှိ/မရှိတွေစတဲ့ စီမံကိန်းဖြစ်မြောက်

နိုင်စွမ်း လေ့လာဆန်းစစ်မှုအစီရင်ခံစာများကိုလည်း တိုင်းထွာပြုစုလျက်ရှိပါတယ်။ ရာသီဥတုအနေအထား၊ မြေအနေအထားစတဲ့အချက်အလက်တွေကိုလည်း စူးစမ်းတိုင်းထွာလျက်ရှိပါတယ်။ စီမံကိန်းကို ဆက်လက်ဆောင်ရွက်ဖို့ရာ နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်တွေ၊ စီမံကိန်းဆောင်ရွက်ရန် လိုအပ်တဲ့ လျာထားရမယ့် မြေနေရာကိစ္စရပ်တွေ၊ လုပ်ငန်းသဘောသဘာဝအရ ဆက်စပ်နေတဲ့ ဌာနဆိုင်ရာ အသီးသီးနဲ့ ဆွေးနွေးညှိနှိုင်းမှုများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်ချေနှင့်ပတ်သက်တဲ့ ကနဦးလေ့လာဆန်းစစ်မှုအစီရင်ခံစာများကို အချိန်ယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းကို Feasibility Study Report တွေ ထွက်လာပြီးတဲ့နောက်ပိုင်းမှာ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ခဲ့မယ်ဆိုခဲ့ရင် ပြည်တွင်းပြည်ပ မည်သည့်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်တဲ့ကုမ္ပဏီများကမဆို အဓိကလိုအပ်တဲ့ စီမံကိန်းဆိုင်ရာစာချုပ်များဖြစ်တဲ့ ဓာတ်အားဝယ်ယူရေးစာချုပ်၊ မြေငှားစာချုပ်၊ စီမံကိန်းလုပ်ကိုင်ခွင့်ပြုတဲ့ သဘောတူစာချုပ်နှင့် အစိုးရရဲ့အာမခံချက်(Government Guarantee)စတဲ့အချက်အလက်တွေကိုလည်းပဲ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တခဏရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မှူကြမ်း

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သော ၁၅-၇-၂၀၁၉ ရက်(တနင်္လာနေ့)တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း၊ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၈-၇-၂၀၁၉ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၃)ချက်ကို သဘောတူသင့်ကြောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်

အတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၁)ချက်ရှိကြောင်းနှင့် ဥပဒေကြမ်းကော်မတီနှင့် ပြင်ဆင်ရန်တင်ပြချက်များအနက် သဘောကွဲလွဲချက် (၁)ချက်တို့ရှိကြောင်း တင်ပြထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၃)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့လာတဲ့ ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ဖြစ်တဲ့ ၁၅-၇-၂၀၁၉ ရက်(တနင်္လာနေ့)မှာ လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁၈-၇-၂၀၁၉ ရက်(ကြာသပတေးနေ့) နောက်ဆုံးထားပြီးတော့ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးဖြစ်တဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးနှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာခဲ့ကြပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှာ ၂၄-၇-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆို တင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်နှင့်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ အဲဒီညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူ ဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက် အချက်(၃)ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူလက်ခံခဲ့ကြ

ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီတဲ့ အမျိုးသား လွှတ်တော်၏ အတည်ပြုချက် (၃)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၁ | ၂ | အပိုဒ် ၁ |
| (ဂ) | ၃ မှ ၅ | ၄ | အပိုဒ် ၂ ပုဒ်မ ၂၃ ပုဒ်မခွဲ(က)ကို ပြင်ဆင်ခြင်း |

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးမျိုးတင့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းပြီးဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအတိုင်းပါပဲ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အနက် (၃)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၃)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် (၃)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်

ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘော မတူဘဲ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၁)ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁)ချက်ရှိပါတယ်။ ပြင်ဆင်ရန် တင်ပြချက်ဇယားကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်(၁)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

| **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|
| ၂ မှ ၃ | ၃ | အပိုဒ် ၂ ပုဒ်မ ၂၃ ပုဒ်မခွဲ(က)နှင့်(ခ)တို့ကို ပြင်ဆင်ခြင်း |

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးမျိုးတင့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ ပြည်ထောင်စုတရား လွှတ်တော်ချုပ်အနေနဲ့လည်း ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအတိုင်း သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် (၁)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၁)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် ပြင်ဆင်ရန် တင်ပြသည့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က အဆိုပြုချက် (၁)ချက်ကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ယခု စတင်ဆွေးနွေးပါမယ်။ အသစ်ဖြည့်စွက်သည့် ပုဒ်မ ၄၅-က နှင့် စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးကို ဖိတ်ခေါ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုကြီးဖြစ်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းမှာ ပုဒ်မ ၄၅ ၏နောက်တွင် ပုဒ်မ ၄၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။

၄၅-က နိုင်ငံတော်သမ္မတသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးငှာ ဖြစ်ထွန်းစေမည်ဟု ယုံကြည်လျှင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈ ပုဒ်မခွဲ (ခ)အရ ခန့်အပ်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီး တစ်ဦးဦးကို အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ အချိန်ကာလတစ်ခု သတ်မှတ်၍ ပြောင်းရွှေ့တာဝန်ပေးအပ်နိုင်သည်။ ဖြည့်စွက်ရတဲ့အကြောင်းအရင်းကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များမှာ တရားသူကြီး အနည်းဆုံးသုံးဦးမှ အများဆုံးခုနစ်ဦးအထိ ခန့်အပ်နိုင်ပါတယ်လို့ ပါရှိပါတယ်။ ယခု ကချင်၊ ကယား၊ ကရင်၊ ချင်းကဲ့သို့သော ပြည်နယ်များတွင် အမှုအရေအတွက် အလွန်နည်းပါးသော်လည်း အနည်းဆုံး သုံးဦးကို မဖြစ်မနေခန့်အပ်ရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှာ အများဆုံးဦးရေဖြစ်တဲ့ ခုနစ်ဦးအထိ ခန့်အပ်ထားသော်လည်း အမှုများလွန်း၍ မနိုင်မနင်းဖြစ်နေရ သဖြင့် တရားမမှု၊ အယူခံအမှုများသည် တစ်နှစ်ထက်ကြာမြင့်နေသည်ကို ကြားသိရပါတယ်။ အမှုသည် များလည်း နစ်နာရသည့်အပြင် အချိန်ကြာမြင့်သည်နှင့်အမျှ နိုင်ငံတော်တွင် ဘတ်ဂျက်များ အလဟဿ ကုန်နေပါတယ်။ အမှုများသည့်ရုံးများရှိ တရားသူကြီးများသည် မနိုင်ဝန်ထမ်းနေရပြီး အမှုမရှိတဲ့ ရုံးများရှိ တရားသူကြီးများသည် အရည်အသွေးကျဆင်းသွားနိုင်ပါတယ်။ ယခင်က ရန်ကုန်

တိုင်းဒေသကြီးတွင် တိုင်းတရားသူကြီး ၁၅ ဦးကျော်ရှိတယ်လို့ ကြားသိရပါတယ်။ ယခုထည့်သွင်းရခြင်းဟာ အကြောင်းအရင်းလည်း ရှိပါတယ်။ ပထမအချက်အနေနဲ့ကတော့ ယခုတင်ပြသကဲ့သို့ အမှုများမနိုင်မနင်းဖြစ်နေသည့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ အခြားတိုင်းဒေသကြီး/ပြည်နယ်မှ တရားသူကြီးများအား ဖြည့်ဆည်းပေးခြင်း ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ထိုတိုင်းဒေသကြီး/ပြည်နယ်များရှိ တရားသူကြီးများက ထိုအမှုကို စစ်ဆေးရန်မသင့်လျော်သည့်အခြေအနေမျိုးဖြစ်ပေါ်လာပါက အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ တရားသူကြီးများကို တာဝန်ပေးအပ်ခြင်းဖြစ်ပါတယ်။ ဥပမာအားဖြင့် တိုင်းဒေသကြီး/ပြည်နယ်ရှိ ပုဂ္ဂိုလ်တစ်ဦးသည် လုပ်ငန်းသဘောအရ တရားသူကြီးအားလုံးနှင့် နီးစပ်နေပြီး ထိုပုဂ္ဂိုလ်ကို တရားစွဲခြင်းခံရလျှင် ထိုအမှုအား ထိုတရားသူကြီးများ မစိစစ်သင့်ဘဲ အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ တရားသူကြီးများစစ်ဆေးရန် ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယခုဖြည့်စွက်ချက်ကို မဆောင်ရွက်ရဟု ပြဋ္ဌာန်းထားခြင်းမရှိ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေဟုမဆိုနိုင်ပါ။ သို့သော်လည်း ယခုလောလောဆယ် ဖြည့်စွက်မပြင်ဆင်နိုင်ရင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့်အခါ ယခုတင်ပြချက်များကို ထည့်သွင်းစဉ်းစားသင့်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက်အား လက်မခံပါကြောင်းကိုပဲ သဘောတူကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေနှင့် ပတ်သက်ပြီးတော့ အနည်းငယ်တင်ပြရှင်းလင်းလိုပါတယ်။ ဒီအပိုဒ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ (ခ)အရသော်လည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ အရသော်လည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိနေတဲ့ တိုင်းဒေသကြီး/ပြည်နယ်တရားရုံးတွေမှာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများကို အသီးသီးခန့်အပ်ရမှာ ဖြစ်ပါတယ်။ အကယ်၍ တိုင်းဒေသကြီး/ပြည်နယ်မှာရှိနေတဲ့ တရားသူကြီးတစ်ဦးဦး လစ်လပ်သွားမယ်ဆိုလို့ရှိရင် တရားစီရင်ရေးဥပဒေပုဒ်မ ၅၀ အရ လစ်လပ်လျက်ရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်

တရားသူကြီးများကို ခန့်အပ်တာဝန်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တရားစီရင်ရေးဥပဒေပုဒ်မ ၄၅ ရဲ့နောက်မှာ ၄၅-က ကို ထည့်သွင်းမယ်ဆိုလို့ရှိရင် လည်းလက်တွေ့မှာ အလွန်ခက်ခဲမှာဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ)နဲ့ မညီညွတ်မှာဖြစ်တဲ့အတွက် အသစ်ဖြည့်စွက်ချက်အား ထည့်သွင်းရန်မသင့်ပါကြောင်းနှင့် ချောက်မဲဆန္ဒနယ်က ဦးဘိုကြီးကလည်း မထည့်သွင်းသင့်ကြောင်းကိုလည်းပဲ ခုနတုန်းက ဥပဒေကြမ်းကော်မတီကို သဘောတူကြောင်းပြောပြီးသားဖြစ်တဲ့အတွက် လွှတ်တော်ကနေပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ မထည့်သင့်ကြောင်းကို အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးမျိုးတင့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး တင်သွင်းထားတဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၄၅ ရဲ့နောက်မှာ ၄၅-က အဖြစ် ဖြည့်စွက်ဖို့ တင်သွင်းထားတဲ့အဆိုနှင့်ပတ်သက်လို့ ဆွေးနွေးရမယ်ဆိုရင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေရဲ့ ပုဒ်မ ၄၃၊ ၄၄၊ ၄၅ တို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ က ယူပြီးတော့ ပြဋ္ဌာန်းထားတဲ့ ပုဒ်မဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ကို ကြည့်မယ်ဆိုရင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှာ တရားသူကြီးချုပ်နှင့်တရားလွှတ်တော်၊ တရားသူကြီးများအဖြစ် ခန့်အပ်မယ်ဆိုရင် သက်ဆိုင်ရာဝန်ကြီးချုပ်များနဲ့ သက်ဆိုင်ရာလွှတ်တော်များက သဘောတူညီချက် လိုနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒေသဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုမှာ တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်မည့် တရားလွှတ်တော် တရားသူကြီးများအား သက်ဆိုင်ရာလွှတ်တော်အသီးသီးရဲ့ သဘောတူညီချက်ရရှိသူများသာ တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်ရမည့်လို့ သဘောသက်ရောက်ပါတယ်။ တစ်နည်းအားဖြင့် ဖက်ဒရယ်မူသဘောလည်း သက်ဆိုင်ပါတယ်။ အဲဒီလိုအနေအထားမျိုးမှာ သက်ဆိုင်ရာဒေသတစ်ခုက တရားလွှတ်တော် တရားသူကြီးတစ်ဦးကို အခြားတရားလွှတ်တော်နယ်မြေအတွင်းမှာ တရားစီရင်ခွင့်အာဏာအပ်နှင်းမယ်ဆိုရင် ပုဒ်မ ၃၀၈ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိဘူးလို့ ကောက်ယူနိုင်ပါ

တယ်။ ဒါကြောင့် ပုဒ်မ ၄၅ နောက်မှာ ပုဒ်မ ၄၅-က အဖြစ် ဖြည့်စွက်ခြင်းအား ဖြည့်စွက်ဖို့မသင့်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချောက်မဲဆန္ဒနယ်၊ ဦးဘိုကြီးရဲ့ အသစ်ဖြည့်စွက်ချက် မထည့်သွင်းတော့ကြောင်း ယခုလွှတ်တော်မှာ တင်ပြသွားခဲ့ပါတယ်။ ဒီလိုတင်ပြသော်ငြားလည်း ယင်းအဆိုပြုချက်ကို ပယ်ဖျက်ရာမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒနှင့် ပယ်ဖျက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးသည့် ဥပဒေကြမ်း၏ အသစ်ဖြည့်စွက်သည့် ပုဒ်မ ၄၅-က နှင့်စပ်လျဉ်းပြီး ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးက အသစ်ဖြည့်စွက်ရန် မလိုတော့ကြောင်း အဆိုတင်သွင်းခဲ့သော်လည်း ဥပဒေကြမ်းကော်မတီက အသစ်ဖြည့်စွက်ချက်ကို သဘောမတူကြောင်းလည်း တင်ပြထားပါတယ်။ ဒါကြောင့် အသစ်ဖြည့်စွက်ချက်ကို သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံဆန္ဒမဲများလျှင် ဥပဒေကြမ်းရဲ့ တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများလျှင် ဦးဘိုကြီးရဲ့ အသစ်ဖြည့်စွက်ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့် စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ယခု ဆန္ဒမဲပေးပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၃၄၉ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁ မဲ၊ ကြားနေမဲမရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အသစ်ဖြည့်စွက်သည့် ပုဒ်မ ၄၅-က ကို ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အသစ်ဖြည့်စွက်ခြင်း မပြုကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတော့တဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံး

ကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသည့် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါသည့် ကွမ်းယာသုံးစွဲမှု ထိန်းချုပ်လျှော့ချနိုင်ရန် ထိရောက်သည့် မူဝါဒချမှတ်အကောင်အထည်ဖော်ရေး အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၈-၇-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါသည့် ကွမ်းယာသုံးစွဲမှု ထိန်းချုပ်လျှော့ချနိုင်ရန် ထိရောက်သည့် မူဝါဒချမှတ်အကောင်အထည်ဖော်ရေး အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၉ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် ဖာပွန်မြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လှိုင်းဘွဲ့မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါတဲ့ ကွမ်းယာက မြန်မာနိုင်ငံမှာ ယခုမှ ပေါ်ပေါက်လာသော ပစ္စည်းများမဟုတ်ပါ။ ဘိုးစဉ်ဘောင်ဆက်တည်းက သုံးစွဲလာသော ပစ္စည်းများဖြစ်ပါတယ်။ ဆေးလိပ်ဆိုရင် ယခု မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ ကဗျာ၊ လင်္ကာတွေမှာ ဖွဲ့ဆိုထားပြီး သုံးစွဲလာခဲ့ကြပါတယ်။ ကွမ်းယာဆိုရင်လည်း နန်းတွင်းက တိုင်များမှာ ထုံးမသုတ်ရဆိုပြီးတော့ နန်းတွင်းအမိန့်ကြောင့်မို့ ထုတ်ထားခဲ့တဲ့ ဓလေ့တစ်ခုရှိခဲ့ပါတယ်။ မြန်မာ့ဓလေ့ဆိုလို့ရှိရင် ဧည့်သည်လာရင် ကွမ်းအစ်နှင့်ဓလေ့ဟာ ယခုတိုင်ရွာမှာရှိခဲ့ပါတယ်။ အဲဒီတော့ ဒီဓလေ့ကို ဖြတ်တောက်ပစ်ဖို့ဆိုတာလည်း တော်တော်ခဲယဉ်းပါတယ်။ ပိုဆိုးတာက ၁၈၂၄ ခုနှစ် ကိုလိုနီခေတ်မှာ မြန်မာနိုင်ငံကို နိုင်ငံခြားကဝင်ရောက်ကျူးကျော်လာတဲ့အခါမှာ သူတို့ သိမ်းပိုက်ပြီးမှ ဗာဂျီးနီးယားဆေးတို့၊ မြန်မာဆေးရွက်တွေက ပိုပြီးနိုင်ငံခြားကိုပို့ပြီးမှ စီးပွားဖြစ်ပို့ဆောင်လုပ်ကိုင်နေတာ တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ဆရာတစ်ယောက်ဆိုလို့ရှိရင် အရာရှိကြီးတစ်ယောက်ဖြစ်ပြီး ဆေးပြင်းလိပ်ကို ကျွန်တော်တို့ သေတဲ့အထိ သောက်သွားတာတွေ့ရှိရပါတယ်။ နောက်ပိုင်းမှာဆိုလို့ရှိရင် London၊ Gold ဆေးလိပ်တို့၊ ဒူးယားတို့၊ ခပေါင်း ဒါတွေဟာ သုံးစွဲလာခဲ့ကြပါတယ်။ အဆိုးဆုံးကတော့ ကွမ်းယာကိုရိုးရိုးမစားဘူး။ အိန္ဒိယကပါလာတဲ့ ပို့လာတဲ့ မူစကီးတို့၊ နပ်ကြီးတို့ သုံးသည့်အတွက်ကြောင့် တစ်နိုင်ငံလုံးမှာ စားသုံးသူများလာပါတယ်။ ဆေးလိပ်သောက်ခြင်း၊ ဆေးငုံခြင်း၊ ကွမ်းစားခြင်းတို့ဟာ အာခေါင်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာအိမ်ကင်ဆာစတဲ့ရောဂါတွေဖြစ်နေတယ်ဆိုတာ ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရပါတယ်။ အဆိုရှင်အနေနဲ့ ထောက်ပြထားတာက ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံမှာ ၁၅ နှစ်အထက် ကွမ်းယာ၊ ဆေးလိပ်သောက်သုံးသူတွေဟာ ၄၅ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသမီးတွေဟာ ၈ ရာခိုင်နှုန်းအထက် ဆေးလိပ်သောက်နေတာကို ထောက်ပြသွားပါတယ်။ အဆိုရှင်တင်ပြချက်အရ ဆေးရွက်ကြီး၊ ကွမ်းယာစားသုံးမှု၊ ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးမှုဟာ နှစ်စဉ် ၇၀၀၀၀ ခန့် ထောက်ပြသွားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနေနဲ့ ပူစရာတော့မလိုပါဘူး။ အိမ်နီးနားချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ဟာ ဆေးလိပ်၊ ဆေး၊ ကွမ်းယာမရှိလို့ရှိရင် မဖြစ်တဲ့ဒေသပင် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ ကွမ်းသီး၊ ဆေးရွက်များကို အဓိကထားပြီး သူတို့က အလုပ်ကြမ်းသမားတွေ ကသုံးဆောင်နေပါတယ်။ နောက်ဆုံးအနေနဲ့ဆိုလို့ရှိရင် မြန်မာပြည်က ဘန့်ဘူးရွက်ကိုတောင် မြန်မာ

ဆေးနဲ့ရောစပ်ပြီး ဘီလီလိပ်ဆေးလိပ်ဟာ ဈေးတော်တော်ကြီးပါတယ်။ ဒါကြောင့်မို့လို့ အစိုးရက ပြည်တွင်းမှာ ဘိုးဘွားစဉ်ဆက်သုံးစွဲခဲ့တဲ့ ဆေးရွက်၊ ဆေးလိပ်ကိုတော့ ဥပဒေအရ မတားမြစ်သင့်ပါဘူး။ သို့သော်လည်းပဲ ဘာကိုတားမြစ်ရမလဲဆိုတော့ လူတိုင်းလူတိုင်းဟာ မိမိအိမ်ထဲမှာ ကွမ်းယာ၊ ဆေးလိပ်၊ ဆေးရွက်ကြီး မစားရ။ တက္ကသိုလ်၊ ဆေးရုံ၊ ဘူတာရုံ၊ ကားဂိတ်၊ ဆေးလိပ်၊ ကွမ်းယာမစားရ ဝင်းအပြင် ကွမ်းယာဆိုင်၊ စည်ပင်သာယာထဲမှာရှိတဲ့ ကွမ်းယာဆိုင်ကိုလည်း ကြိုတင်ပြီးတော့ လူငယ်၊ လူလတ်၊ လူကြီး စာရင်းကောက်ယူပြီး အထူးဈေးနှုန်းဖြင့် ဒါအခွန်တွေနဲ့ ထမ်းဆောင်သင့်ပါတယ်။ သို့မှသာ ဆေးလိပ်၊ ကွမ်းရွက်သုံးစွဲမှု အဲဒီလိုမှမဟုတ်လို့ရှိရင် ကွမ်းယာ၊ ခုနလိုပေါ့ ဆေးလိပ်လိုသုံးစွဲမှုတွေက များပြားလာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ ကျွန်တော်တင်ပြစရာက ၂၅-၇-၂၀၁၉ ရက်နေ့ ပြည်ထောင်စုနေ့စဉ်သတင်းစာမှာ အင်္ဂလန်နိုင်ငံက ၂၀၃၀ ခုနှစ်မှာ ဆေးလိပ်သောက်သုံးမှုရပ်တန့်ရေးအစီအစဉ်ကို ချမှတ်ထားတာတွေ့ရှိရပါတယ်။ အဲဒါကြောင့် ကွမ်းယာ၊ ဆေးလိပ်သောက်သုံးမှု တားဆီးရေးအဆိုပြုချက်ကို ထောက်ခံဆွေးနွေးပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာပါ။ ဆေးလိပ်သောက်ခြင်းဟာ မိမိကိုယ်ကို အရစ်ကျသတ်သေခြင်းလို့ ဆိုပါတယ်။ ဆေးလိပ်ငွေ့မှ ကင်ဆာဖြစ်စေတဲ့ ဓာတုပစ္စည်း ၇၀ ကျော်ပါဝင်တယ်။ ကင်ဆာနှင့်သေဆုံးမှုရဲ့ ၃ ပုံ ၁ ပုံဟာ ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်တယ်။ ဆေးလိပ်သောက်သူတွေဟာ မသောက်သူတွေထက် ကင်ဆာနှင့်သေဆုံးနိုင်ချေ ၂၅ ဆပိုများတယ်။ ဆေးလိပ်ငွေ့ကြောင့် အဆုတ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ ခံတွင်းကင်ဆာ၊ ဆီးအိမ်၊ မုန့်ချိုအိတ်၊ သားအိမ်ခေါင်း၊ ကျောက်ကပ်၊ အစာအိမ်၊ သွေး၊ အသည်း၊ အူမကြီး၊ စအိုထိပ်၊ အစာပြွန်စတဲ့ ကင်ဆာရောဂါတွေ ဖြစ်စေတယ်။ ကျွန်တော်တို့နိုင်ငံဟာလည်း ကမ္ဘာမှာကင်ဆာရောဂါဖြစ်ပွားမှု အမြင့်မားဆုံးထဲမှာပါနေလို့ ဆေးလိပ်သောက်တာဟာ ငွေပေးပြီးတော့ သေဘေးဝယ်သလိုဖြစ်နေသလားလို့ တွေးမိပါတယ်။ အဆိုးဆုံး

ကတော့ ဆေးလိပ်သောက်သူသာမက အပြစ်မဲ့ဆေးလိပ်မသောက်တဲ့သူတွေ တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ရောဂါဆိုးတွေရ သေဆုံးကြရတာပါ။

ဆေးလိပ်သောက်လို့ ကမ္ဘာမှာနှစ်စဉ် လူခုနစ်သန်းသေဆုံးကြတယ်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် သေဆုံးသူက ၈၉၀၀၀၀ ဦးခန့်ရှိတယ်။ အဲဒီထဲက ၇၅ ရာခိုင်နှုန်းဖြစ်တဲ့ ၆၅၀၀၀၀ ဦးခန့်သော အပြစ်မဲ့ အမျိုးသမီးနဲ့ ကလေးငယ်တွေ သေဆုံးရတာဟာ ရင်နင့်စရာကောင်းလှပါတယ်။ ကျွန်တော်တို့ရဲ့ မဆင်မခြင်ဆေးလိပ်သောက်သုံးမှုဟာ မပြစ်မဲ့သူတွေကို သတ်မှန်းမသိ သတ်နေမိတဲ့ တိတ်တဆိတ်လူသတ်သမားတွေဖြစ်နေပြီလားလို့ တွေးမိပါတယ်။ လူတစ်ဦးဆေးလိပ်သောက်ရာမှာ ၁၅ ရာခိုင်နှုန်းသော ဆေးလိပ်ငွေ့ကို ရှူရှိုက်ပြီးတော့ ကျန် ၈၅ ရာခိုင်နှုန်းသော ဆေးလိပ်ငွေ့ကတော့ လေထဲမှာပျံ့နှံ့နေတာပါ။ လေထဲမှာလွင့်မျောနေတဲ့ တစ်ဆင့်ခံဆေးလိပ်ငွေ့ကို မိနစ် ၃၀ ရှူရှိုက်မိရင်တောင် ဆေးလိပ်မသောက်သူမှာ နှလုံးရောဂါရနိုင်မှုအန္တရာယ်ဟာ ဆေးလိပ်သောက်သူလိုပဲ အတူတူမြင့်မားနိုင်တယ်လို့ အမေရိကန်နိုင်ငံက Center For Disease Control က သတိပေးထားတာကို တွေ့ရပါတယ်။

ကလေးငယ်များရဲ့ ၅၀ ရာခိုင်နှုန်းဟာ လူအများစုဝေးရာနေရာများမှာ ဆေးလိပ်ငွေ့ပါတဲ့လေကို ပုံမှန်ရှူရှိုက်နေကြရတာ အနာဂတ်ရင်သွေးငယ်တွေအတွက် နစ်နာလှပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၀၆ ခုနှစ်လောက်ကစပြီးတော့ ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းတွေသုံးစွဲမှု လျော့နည်းကျဆင်းရေးဥပဒေကို ထုတ်ပြန်ပြီးတော့ ထိန်းချုပ်မှုတွေ ဆောင်ရွက်ခဲ့ပေမဲ့ ဥပဒေလိုက်နာစေရန် ပညာပေးမှုနှင့် အပြစ်ပေးအရေးယူမှုတွေ အားနည်းလှပါတယ်။ ၂၀၀၆ ခုနှစ်၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးတွေသောက်သုံးမှုထိန်းချုပ်ရေးဥပဒေအရ ဆေးရုံ၊ ဆေးခန်းအဆောက်အဦ၊ ရုံးခန်းပရဝုဏ်နဲ့အဆောက်အဦများ အားကစားရုံနှင့် အားကစားကွင်းများ၊ ကျောင်းသင်ကြားရေး အဆောက်အဦစာသင်ခန်း၊ ရုံးခန်းပရဝုဏ်နှင့် အခြားအဆောက်အဦများ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်၊ သိပ္ပံတို့ရဲ့ သင်ကြားရေးအဆောက်အဦစာသင်ခန်းနှင့် ရုံးခန်းများ၊ ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသတဲ့အဆောက်အဦများ၊ ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိတဲ့ဈေးရုံများ၊ ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံးစာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊ ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ၊ ခရီးသည် သယ်ယူပို့ဆောင်တဲ့ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်နှင့် ရထားများ၊ အများပြည်သူသုံးခန်းမများ၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းကျောင်းနှင့် သင်ကြားရေးအဆောက်

အဦ စာသင်ခန်းများ၊ ရုံး၊ ဌာနတို့ရဲ့အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံအဆောက်အဦများ၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာများ၊ ပျော်ပွဲစားရုံများ၊ ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်နှင့် အဝေးပြေးကားဂိတ်အဆောက်အဦများကို ဆေးလိပ်သောက်ခွင့် မရှိတဲ့နေရာများအဖြစ် သတ်မှတ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေတွေ သတ်မှတ်ပြီးတော့ ဥပဒေနှင့်အညီ ကြီးကြပ်စစ်ဆေးအရေးယူမှုတွေကို ထိထိရောက်ရောက်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဆေးလိပ်ငွေ့ကင်းစင်ရေး Policy ကို စနစ်တကျအကောင်အထည်ဖော်တဲ့အတွက် ဆေးလိပ်သောက်သုံးမှုများတဲ့နေရာတွေမှာ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်မှုပမာဏဟာ ၈၀ ရာခိုင်နှုန်းက ၉၀ ရာခိုင်နှုန်းအထိ လျော့နည်းသွားပြီးတော့ အတော်အသင့်ဆေးလိပ်သောက်တဲ့နေရာတွေမှာတော့ ၄၀ ရာခိုင်နှုန်းအထိ လျော့နည်းသွားတယ်လို့ သုတေသနပြုချက်တွေအရ သိရပါတယ်။ နောက်တစ်ချက်ကတော့ ဆေးလိပ်နှင့်ဆေးရွက်ကြီးကို မြင့်မားတဲ့ အခွန်ကောက်ခံခြင်းဖြင့် ထိန်းချုပ်ဖို့က ကျွန်တော်တို့နိုင်ငံရဲ့ဆေးလိပ်နှင့် ဆေးရွက်ကြီးပေါ် အခွန်ကောက်ခံမှုဟာ အခြားနိုင်ငံများနှင့်ယှဉ်ရင် နည်းပါးလာပါတယ်။ စီးကရက်ဈေးနှုန်း ၁၀ ရာခိုင်နှုန်းမြင့်တိုင်း စီးကရက်သုံးစွဲမှု ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်း ကျဆင်းသွားတယ်လို့ ဆိုပါတယ်။

ဆေးရွက်ကြီးဈေးနှုန်း ၇၀ ရာခိုင်နှုန်းမြှင့်တင်ခြင်းဖြင့် ဆေးလိပ်ငွေ့ကြောင့် သေဆုံးမှု ၄ ပုံ ၁ ပုံကို ကာကွယ်ပေးနိုင်တယ်လို့ သုတေသနပြုချက်တွေက ဖော်ပြနေပါတယ်။ ဒါကြောင့် ဆေးလိပ်၊ ဆေးရွက်ကြီးအပေါ် သီးခြားသတ်မှတ်အခွန်ကောက်ခံပြီးတော့ ကျန်းမာရေးဆိုင်ရာအသိပညာပေးလုပ်ငန်းတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ၊ အားကစားမြှင့်တင်မှုလုပ်ငန်းတွေမှာ သုံးစွဲခြင်းဖြင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် အကျိုးရလဒ်တွေ ရစေမှာပါ။ နောက်တစ်ချက်ကတော့ ဥပဒေအရ သတ်မှတ်ထားတဲ့ (၁၈) နှစ်အောက်လူငယ်တွေကို ဆေးလိပ်မရောင်းဖို့ပါ။ ကျွန်တော်တို့နိုင်ငံမှာ လူငယ်တွေကို အလွယ်တကူရောင်းချနေခြင်းဟာ နိုင်ငံ့အနာဂတ်လူငယ်တွေကို ဖျက်ဆီးနေတာနဲ့တူပါတယ်။ ဒီနေရာမှာ အထူးပြောလိုတာကတော့ ဆေးလိပ်မသောက်ရသတ်မှတ်ထားတဲ့နေရာတွေမှာ ဌာနဆိုင်ရာအကြီးအကဲတွေ၊ တာဝန်ရှိသူတွေကိုယ်တိုင်က ဥပဒေချိုးဖောက် ရှေ့ကနေသောက်ပြနေခြင်းဟာ အခြားသူတွေကို ဘယ်လိုကြီးကြပ်စစ်ဆေးအရေးယူကြမလဲ။ ဘယ်လိုဥပဒေ စိုးမိုးနိုင်မလဲဆိုတာကို မေးချင်တာပါ။ နိဂုံးချုပ်အနေနဲ့ သေမင်းတမန်ဆေးလိပ်၊ ဆေးရွက်ကြီးရန်က ကင်းဝေးဖို့ အမျိုးသား

ရေးတာဝန်တစ်ရပ်အနေနဲ့ ကြိုးပမ်းကြပါစို့လို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ဆေးလိပ်၊ ဆေးရွက်ကြီးဘေးက ကင်းဝေးပြီးတော့ အသက်ရှည်ကျန်းမာ လိုရာပြည့်ဝ တတိုင်းရနိုင်ကြပါစေ။

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်ရှင့်။ ကျွန်မကတော့ လှိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ကမ္ဘာမှာ ဆေးရွက်နှင့် ဆေးလိပ်ကြီးသုံးစွဲမှုဟာ နှစ်စဉ် ခုနစ်သန်းသေစေခြင်းဟာ အဓိကပြဿနာဖြစ်ပါတယ်။ ဒီပြဿနာနဲ့အတူ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှလုံးသွေးကြောဆိုင်ရာရောဂါကအစ အဆုတ်ခံတွင်းကင်ဆာ မကူးစက်နိုင်တဲ့ရောဂါတွေ ဖြစ်လာတဲ့အတွက် ရောဂါရဲ့ကုသတဲ့စရိတ် ဝန်ထုပ်ဝန်ပိုးမြင့်မားစေခြင်းနှင့်အတူ ကုန်ထုတ်စွမ်းအားကျဆင်းခဲ့ပါတယ်။ နိုင်ငံရဲ့စီးပွားရေးများကိုလည်း ထိခိုက်လာပါတယ်။ WHO နဲ့ IARC အရ ၂၀၁၂ ခုနှစ်မှာကင်ဆာရဲ့ ဖြစ်ပွားမှုဟာ ၁၄ သန်းရှိပြီးတော့ နောက်အနှစ် ၂၀ မှာ ၂၂ သန်းရှိလာမယ်လို့ဆိုပါတယ်။ ကင်ဆာကြောင့်သေဆုံးတဲ့သူဟာ ၈.၂ သန်းကနေ ၁၃ သန်းထိများလာပါတယ်။ တရားခံကတော့ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများဖြစ်ပါတယ်။ အဲဒီမှာ လူငယ်နှင့် ဆင်းရဲသားများက ပိုမိုသုံးစွဲတာကို တွေ့ရပါတယ်။ အာဆီယံနိုင်ငံအတွင်းမှာ ကွမ်းယာသုံးစွဲမှုကလည်း အများဆုံး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုဟာ လူငယ်များအတွင်းမှာ ပိုမိုများလာတဲ့အတွက် ကျောင်းသားအရွယ် ၁၃ နှစ်မှ ၁၅ နှစ်အရွယ်လူငယ်များရဲ့ ဆေးလိပ်နဲ့ဆေးရွက်ကြီးသုံးစွဲမှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အစဉ်မပြတ်လေ့လာတဲ့အခါမှာ ၂၀၀၇ ခုနှစ်မှာ ၉ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်မှာ ၈.၃ ရာခိုင်နှုန်း၊ ယောကျ်ားက ၈.၅ ရာခိုင်နှုန်းကနေ ၁၇ ရာခိုင်နှုန်းသို့ နှစ်ဆတိုးတာကိုတွေ့ရပါတယ်။ အထူးသဖြင့် ကွမ်းစားသုံးမှုဟာ ယောကျ်ားလေးသာမက မိန်းကလေးပါ ပါလာတာကို တွေ့ရပါတယ်။ လူငယ်များအနေနဲ့ ဆေးလိပ်နှင့်ဆေးရွက်ကြီး

ထွက်ပစ္စည်းများကို အလွယ်တကူဝယ်ယူနိုင်တာလည်း တွေ့ရပါတယ်။ The Global Youth Tobacco Survey အရ ၂၀၀၁ ခုနှစ်မှာ ၂၃.၆ ရာခိုင်နှုန်း၊ ၂၀၂၁ ခုနှစ်မှာ ၃၉.၆၂ ရာခိုင်နှုန်း ဖြစ်ပါတယ်။ လူငယ်လူရွယ်ထုထဲမှာ ကွမ်းယာစားသုံးမှုဟာ နှစ်အနည်းငယ်အတွင်းမှာ လျှင်မြန်စွာတိုးလာတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ ကွမ်းယာစားသုံးမှုထိရောက်စွာမထိန်းချုပ်နိုင်သေးပေမဲ့ ၎င်းနဲ့ဆက်စပ်တဲ့ကင်ဆာ ရောဂါတွေ၊ ဆေးစွဲတာတွေ စိတ်ရောဂါခံစားမှုဟာပိုပြီးတက်လာတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံလူဦးရေ ခုနစ်သန်းကျော်ဟာ နေ့စဉ်ဆေးရွက်ကြီးထွက်မျိုးစုံပါဝင်တဲ့ ကွမ်းယာသုံးစွဲမှုကြောင့် နှစ်စဉ် ၆၀၀၀၀ ကနေ ၇၀၀၀၀ သေတာတွေ့ရပါတယ်။

2030 Sustainable Development Goal ၁၇ ချက်ထဲက နံပါတ်(၃)က လူတိုင်းကျန်းမာရေးအဆင့်မြင့်မားတိုးတက်ရေးဖြစ်တယ်။ အဲဒီရည်မှန်းချက်ပြည့်မီဖို့ ဒီဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုကိုလျှော့ချဖို့ လျင်မြန်စွာလုပ်ရပါမယ်။ လျင်မြန်စွာမလုပ်ဆောင်နိုင်လို့ရှိရင် ကျွန်မတို့ရဲ့လူငယ်တွေရဲ့ရောဂါသေဆုံးမှုဟာ တက်နေတာဖြစ်တဲ့အတွက် ရင်လေးဖွယ်ဖြစ်လာရပါတယ်။ နိုင်ငံတော်ရဲ့နောင်တစ်ခေတ် ပုခုံးပြောင်းတာဝန်ယူကြမယ့် နိုင်ငံ့ခေါင်းဆောင်တွေဖြစ်တဲ့လူငယ်တွေဟာ လူငယ်အတွက်ဟာ အတော်ရင်လေးဖွယ်ဖြစ်တဲ့အတွက် လျင်မြန်စွာဆောင်ရွက်ဖို့လိုပါတယ်။ တခြားတစ်ဖက်မှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းသိမ်းဖို့ ထိန်းချုပ်ရေးဥပဒေဟာ ၂၀၀၇ ခုနှစ်ကစပြီးသက်ဝင်လှုပ်ရှားပေမဲ့ ဥပဒေပါစည်းကမ်းချက်အတိုင်း အကောင်အထည်ဖော်မှုမှာ ထင်သလောက်ခရီးမပေါက်ပါဘူး။ အဆိုပါဥပဒေသက်ဝင်ဖို့ ထိရောက်စွာအကောင်အထည်ဖော်ဖို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအပါအဝင် ဆက်စပ်နေတဲ့ဝန်ကြီးဌာနများက အလေးပေးဆောင်ရွက်ရန်နှင့်ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲရေးထိန်းချုပ်မှုဗဟိုအဖွဲ့အနေနဲ့သက်ဝင်လှုပ်ရှားပြီး အလျင်အမြန်အကောင်အထည်ဖော်ပေးဖို့လိုပါတယ်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းဟာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးအတွက် အဓိကမဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်ဖြစ်တာနှင့်အညီဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအပေါ်မှာ ပြည်ထောင်စုအခွန်ကောက်ဥပဒေအရ တိုးမြှင့်ကောက်ခံခြင်းအတွက် ဆောင်ရွက်သင့်တဲ့လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။

အဲဒီလို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအပေါ် အကောက်ခွန်နှင့် အခွန်တိုးမြှင့်ကောက်ယူခြင်းဟာ နိုင်ငံတော်ရဲ့အခွန်ဘဏ္ဍာရရှိရေးကို ဦးတည်သည်သာမက ဆေးရွက်နှင့်

ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုကို လျှော့ချနေကြောင်းကို သိရပါတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေး ဖွံ့ဖြိုးလုပ်ငန်းများကို ဦးတည်တဲ့ ဝင်းကရတဲ့အခွန်နဲ့တည်ဆောက်နိုင်တာကိုလည်း တွေ့ရပါတယ်။ ပြည်သူလူထုများကိုလည်း ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ် အခွန်တိုးကောက်မှု ကိုလည်း အသိပညာပေးဖို့လည်းလိုပါတယ်။ ပြည်ထောင်စုအခွန်ဥပဒေအရ ဆေးရွက်ကြီးထွက်ပစ္စည်း အခွန်ကောက်ခြင်းကို လေ့လာရာမှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းတစ်မျိုးနဲ့ တစ်မျိုးအပေါ် မတူတဲ့နှုန်းထားတွေကောက်ခံနေတဲ့အတွက် အန္တရာယ်ရှိခြင်းအတူတူ ညီမျှစွာကောက်ခံစေပါတယ်။ (စီးကရက်၊ ဆေးပေါလိပ်၊ ကွမ်းယာ) နောက်ပြီးတော့ ကောက်ခံတဲ့အခါမှာ ရှုပ်ထွေးတဲ့ လေးလွှာ အဆင့်ကနေ အနည်းဆုံး တစ်နှစ်တစ်ခါ တစ်လွှာစနစ်လျှော့ချသင့်ကြောင်း တင်ပြထားတာတွေ့ရ ပါတယ်။ ဖြစ်နိုင်ရင် အဲဒီဟာထက်မရှုပ်ထွေးတဲ့ တစ်စနစ်တည်း (Simple Uniform tax System)ကို ညီညီမျှမျှဖန်တီးပြီးတော့မှ ဥပဒေကြမ်းကို ပြန်လေ့လာသင့်ပါကြောင်း တင်ပြလိုက်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဆွေဝင်း(ကော့မှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန် တိုင်းဒေသကြီး၊ ကော့မှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း ဖြစ်ပါတယ်။ ဒီနေ့မှာတော့ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့အဆိုအပေါ်မှာ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်တွေမှာ သူ့ရဲ့စေတနာတွေဟာပေါ်လွင် ပြီးသားဖြစ်ပါတယ်။ အများပြည်သူကျန်းမာရေးအတွက် တိုက်တွန်းနှိုးဆော်လိုက်တယ်လို့လည်း ယုံကြည်မိပါတယ်။ ဒီအဆိုဟာ မကြာသေးခင်မှ တင်သွင်းလာခဲ့တဲ့ ကင်ဆာနဲ့ပတ်သက်တဲ့ အဆိုအပါ အဝင် အခြားအဆိုတွေနဲ့လည်း ဆက်စပ်နေတယ်ဆိုတာကို တွေ့ရှိရပါတယ်။ အဆိုရှင်ပြောသလို ဆေးရွက်ကြီး၊ ဆေးလိပ်နဲ့ကွမ်းယာတွေကို တားဆီးနိုင်မယ်ဆိုရင် အလွန်တစ်ရာမှကောင်းမွန်ပါတယ်။

ဒါပေမဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စိတ်ကူးယဉ်များ ဆန်လွန်းသလိုဖြစ်နေပါသလား။ မြန်မာလူမျိုးတွေ ရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာမှာ ပြောင်းဖူးဖက်ကစပြီး ဆေးလိပ်သောက်ခဲ့တဲ့ ယဉ်ကျေးမှု၊ ဆေးလိပ် ကလေးကို ချစ်သူအတွက် လိပ်ပေး၊ ပြင်ပေးတဲ့ ယဉ်ကျေးမှုဟာ သမိုင်းထဲမှာ၊ ရှေးကဗျာတွေထဲမှာ ရှိနေခဲ့ပါတယ်။ အလားတူပါပဲ ကမ္ဘာမှာလည်း ဆာဝင်စတန်ချာချီဆိုရင် ဆေးပြင်းလိပ်ကြီးနဲ့ပါ။

ဒါတောင် သူတို့နိုင်ငံမှာ မြန်မာပြည်ကဆေးပြင်းလိပ်ကို မြတ်မြတ်နိုးနိုးနဲ့ သောက်သုံးကြတယ်လို့ ဆိုပါတယ်။ ဒီလိုတွေသောက်လို့ ကင်ဆာတွေဖြစ်ကြ၊ အဆုတ်ရောဂါတွေဖြစ်ကြတယ်လို့ ပုဂံခေတ်ကနေ ဒီနေ့အထိ မြန်မာ့သမိုင်းတွေ၊ အလယ်ခေတ်ကနေ ဒီနေ့အထိ ကမ္ဘာ့သမိုင်းတွေထဲမှာတော့ မကြားဘူးပါဘူး။ တစ်ခါ ကွမ်းယာအကြောင်းပြောပါရစေ။ တံတားဦးကွမ်းနုဝါ၊ ငမြှာကဆေး၊ ကွမ်းသီးတောင်ငူ ဆိုတဲ့ ကဗျာတိုလေးဟာ မြန်မာ့ယဉ်ကျေးမှုရဲ့ သင်္ကေတတစ်ခုဖြစ်နေခဲ့ပါတယ်။ ကွမ်းစားတဲ့ ယဉ်ကျေးမှုဟာဆိုရင် ဂန္ထဝင်မြောက်တဲ့ သမိုင်းဖြစ်စဉ်လေးပါ။ မြန်မာသမိုင်းမစတင်ခင်က ခေတ်ကို သမိုင်းသုတေသနပညာရှင်တွေက လေ့လာကြည့်တဲ့အခါမှာ တရုတ်ပြည်ရဲ့ မန်ရှူးကျမ်းကိုဆက်စပ်လေ့လာခဲ့ရပါတယ်။ အဲဒီထဲမှာ မြန်ကြန့်လို့ခေါ်တဲ့ မြန်မာတွေဟာ သွားကိုဆေးနီသုတ်ထားတယ်လို့ ဆိုပါတယ်။ ဒါကို သမိုင်းဆရာတွေကတော့ ကွမ်းစားခဲ့တယ်လို့ အဓိပ္ပာယ်ဖွင့်ပါတယ်။ တစ်ခါ ညောင်ရမ်းခေတ်သမိုင်းမှာဆိုရင်လည်း နန်းတော်ထဲမှာ ကွမ်းစားကြတဲ့အမတ်ကြီးတွေအကြောင်း ကျွန်တော်ဖတ်ဖူးခဲ့သလို ဒီလွှတ်တော်ထဲမှာရှိတဲ့ ကိုယ်စားလှယ်ကြီးတွေအားလုံးလည်း ဖတ်ဖူးကြမှာပါ။ အမတ်ကြီးတွေဟာ လွှတ်တော်တက်တဲ့အခါမှာ ကွမ်းအစ်ကိုင်တဲ့သူ၊ ထွေးခံကိုင်တဲ့သူတွေနဲ့ လာကြတာပါ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါဟာ ရှေးသမိုင်းတွေကို ကျွန်တော်ပြောပြနေခြင်းဖြစ်ပါတယ်။ သမိုင်းမှာ ဆေးလိပ်သောက်ခဲ့၊ ကွမ်းစားခဲ့လို့ ဒီနေ့လည်း လုပ်ချင်သလိုလုပ်ရမယ်လို့ ဆိုလိုနေခြင်းမဟုတ်ပါဘူး။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းဟာ ပြုလုပ်သူတွေအတွက် အပြစ်ဖြစ်နိုင်ပါတယ်။ တစ်နည်းအားဖြင့် ကျန်းမာရေးကို ထိခိုက်နိုင်ပါတယ်။ စည်းမဲ့ကမ်းမဲ့ ဆေးလိပ်သောက်ခြင်း၊ စည်းမဲ့ကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းဟာ တစ်ပါးသူကို များစွာ ထိခိုက်နိုင်ပါတယ်။ ကွမ်းယာကြိုက်သူတွေ၊ ဆေးလိပ်သောက်သူတွေကို ကျန်းမာရေးထိခိုက်မှုအနည်းဆုံးဖြစ်အောင် ပြုပြင်ကြပ်မတ်ပေးရပါမယ်။ တစ်ခါ တစ်ပါးသူကို ပတ်ဝန်းကျင်မထိခိုက်အောင် စည်းကမ်းသတ်မှတ်ပေးရပါမယ်။ ကိုယ်ကြိုက်လို့၊ ကိုယ်သောက်တဲ့ ဆေးလိပ်သမားဟာ ကလေးငယ်လေးကိုချီထားတဲ့မိခင်နားမှာ သွားပြီးသောက်မယ်ဆိုရင်တော့ အလွန်တစ်ရာမှာ အပြစ်ရှိနေပါပြီ။ တစ်ဖက်မှာလည်း ကွမ်စားတာဟာ အပြစ်မဟုတ်ပါ။ ကွမ်းတံတွေးစည်းမဲ့ကမ်းမဲ့ထွေးခြင်းဟာ အပြစ်ဖြစ်ပါတယ်။ ဒါကို ကြပ်မတ်ရပါလိမ့်မယ်။

နောက်တစ်ဖက်မှကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့နေထိုင်တဲ့ ကွမ်းခြံကုန်းမြို့၊ ကော့မှူးမြို့ကလေးမှာဆိုရင် ကွမ်းရွက်စိုက်ပျိုးခြင်းဟာ ဆင်းရဲရိုးသားတဲ့ တောင်သူလယ်သမားတွေအတွက် ကြီးမားတဲ့စီးပွားရေးတစ်ခုပါ။ တစ်နည်းအားဖြင့် အသက်ကယ်ဆေးတစ်ခုပါ။ အညာဘက် မုံရွာဘက်မှာဆိုရင်လည်း ကွမ်းရွက်စိုက်ပျိုးနေတဲ့ ဆရာဆရာမလင်မယားဟာ တစ်ပတ်ကို ၁၀၀၀၀၀ ကျပ်လောက်ဝင်ငွေ ဘဏ်မှာအပ်နိုင်တယ်လို့ ကြားရပါတယ်။ အဆိုရှင်ရဲ့အဆိုကို လွယ်လွယ်နဲ့ဆုံးဖြတ်လိုက်မယ်ဆိုရင် ရိုးသားတဲ့တောင်သူတွေဟာ ထမင်းငတ်ကြလိမ့်မယ်လို့တော့ မဖြစ်သင့်ပါဘူး။ တနင်္သာရီတိုင်းဒေသကြီးမှာဆိုရင်လည်း ကွမ်းသီးပင်တွေဟာ ဒေသရဲ့အလှလို့တောင် ဆိုရမှာဖြစ်ပါတယ်။ အင်မတန်ကြီးမားတဲ့ Business ပါ။ ဒါမျိုးကို တရုတ်နိုင်ငံ၊ တိုင်ပင်မြို့မျိုးမှာ တွေ့ရပါတယ်။ အနုမာဏယူဆချက်တစ်ခုနဲ့ ပြည်သူတွေရဲ့ရိုးသားတဲ့စီးပွားရေး၊ စိုက်ပျိုးရောင်းချရေးကို မထိခိုက်သင့်ဘူးလို့ထင်ပါတယ်။ အထူးသဖြင့် ကင်ဆာကိစ္စပါ။ ကင်ဆာရောဂါဟာ ကျွန်တော်သိသလောက် သိပ္ပံနည်းကျအဖြေရှာသင့်တဲ့ကိစ္စမဟုတ်ပါဘူး။ Statistics လို့ခေါ်တဲ့ စာရင်းအင်းပညာအရ ကင်ဆာဖြစ်တဲ့သူတွေကို စာရင်းကောက်ပြီး ဆေးလိပ်သောက်သူ အဆုတ်ကင်ဆာများပါတယ်။ ကွမ်းစားသူ ပါးစပ်ကင်ဆာများတယ်လို့ ကောက်ချက်ဆွဲထားတာဖြစ်ပါတယ်။ ဆေးလိပ်သောက်သူအားလုံးကိုစိစစ်ပြီး ကင်ဆာဖြစ်သလားလို့ဆန်းစစ်ရင် ဒီအဖြေတွေဟာ မထွက်နိုင်သေးဘူးဆိုတာ ဒီနေ့ဆေးလိပ်သောက်သူကမ္ဘာသူကမ္ဘာသားအားလုံးက ဖော်ပြမှာသေချာပါတယ်။ အခြားမကြည့်ပါနဲ့။ ဒီလွှတ်တော်ကြီးမှာတောင် ကွမ်းစားရန်နေရာ၊ ဆေးလိပ်သောက်ရန်နေရာဆိုတာ ရှိပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေရဲ့ ဆေးမှတ်တမ်းထဲမှာတော့ ဘယ်လိုပြသလဲဆိုတာကိုတော့ ကျွန်တော်မသိပါဘူး။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချုပ်အားဖြင့် ပြောပြမယ်ဆိုရင် ဆေးလိပ်သောက်တာ၊ ကွမ်းစားတာဟာ ပြဿနာမဟုတ်ပါဘူး။ စည်းကမ်းမဲ့လုပ်ဆောင်ခြင်းကသာ ပြဿနာဖြစ်ပါတယ်။ ဒါတွေကို ဆင်ခြင်တုံတရားနဲ့ ဖြေရှင်းရမှာပါ။ အခွန်နဲ့ထိန်းချုပ်ရမှာဖြစ်ပါတယ်။ ဘယ်ကိစ္စမဆို စည်းကမ်းမဲ့လုပ်ဆောင်ခြင်းဟာ ကာယကံရှင်ရော၊ ပတ်ဝန်းကျင်ကိုရော ဒုက္ခပေးနိုင်တာဖြစ်လို့ အဆိုရှင်ရဲ့အဆိုကို လွှတ်တော်ကြီးက စဉ်းစားဆုံးဖြတ်ပေးနိုင်ပါရန် အကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုတင်သွင်းတဲ့ ဆေးရွက်ကြီး၊ ဆေးလိပ်နဲ့ကွမ်းယာသုံးစွဲမှု ထိန်းချုပ်လျှော့ချနိုင်ရန် ထိရောက်သောမူဝါဒချမှတ်အကောင်အထည်ဖော်ရေး အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမယ့် လှည်းကူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ ဆေးရွက်ကြီး၊ ဆေးလိပ်နဲ့ကွမ်းယာသုံးစွဲခြင်းဟာ လူတွေကို ကျန်းမာရေးထိခိုက်ပျက်စီးမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ မိသားစုရဲ့စီးပွားရေး၊ လူမှုရေးထိခိုက်ဆုံးရှုံးမှုတို့နဲ့ ရင်ဆိုင်ကြုံတွေ့ရမယ့်အန္တရာယ်ကို ကြိုတင်ကာကွယ်တားဆီးလိုတဲ့ ရည်ရွယ်ချက်နဲ့ တင်သွင်းတဲ့အဆိုဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။ ကမ္ဘာပေါ်မှာ ဆေးရွက်ကြီးကို နိုင်ငံတိုင်းစားသုံးကြပေမယ့် အရှေ့တောင်အာရှဒေသဟာ တစ်ကမ္ဘာလုံး စားသုံးမှုရဲ့ ၈၉ ရာခိုင်နှုန်းရှိကြောင်း ကွမ်းယာစားသုံးမှုအများဆုံးနိုင်ငံများမှာ မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ သီရိလင်္ကာနိုင်ငံများဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ၂၀၁၈ ခုနှစ်စစ်တမ်းအရ ကွမ်းယာ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲရာမှာ ဖြစ်ပေါ်လာတဲ့ ရောဂါကြောင့်သေဆုံးသူပေါင်း နှစ်စဉ် ၆၅၀၀၀ ခန့်ရှိနေပါတယ်။ မြန်မာနိုင်ငံမှာ ဆေးလိပ်၊ စီးကရက်အလိပ်ရေ နှစ်စဉ် ၁၂ ဘီလီယံကျော် သုံးစွဲကြောင်းသိရှိရပါတယ်။ ကွမ်းယာ၊ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုး သုံးစွဲခြင်းကြောင့် ခံတွင်းကင်ဆာ၊ လျှာ ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနဲ့ နှလုံးသွေးကြောကျဉ်းရောဂါများ အစရှိတဲ့ မကူးစက်တတ်သော ရောဂါဖြစ်ပွားမှုနှုန်းနဲ့ ယင်းရောဂါများကြောင့် အချိန်မတိုင်မီသေဆုံးမှုနှုန်း မြင့်မားလျက်ရှိနေပါတယ်။ ယခုလို မြန်မာနိုင်ငံသူနိုင်ငံသားများရဲ့ ကျန်းမာရေးကို အန္တရာယ်ပြု ခြိမ်းခြောက်လျက်ရှိနေတဲ့အပြင် မူးယစ်ဆေးဝါးအစ ဆေးလိပ်၊ ကွမ်းယာကဆိုတဲ့အချက်ကိုလည်း သတိပြုရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကျောင်းသားအရွယ်ကပင် ကျန်းမာရေးအသိပညာပေးဖို့ ၂၀၁၈ ခုနှစ်၊ ကျောင်းကျန်းမာရေးလက်စွဲစာအုပ်ကို ထုတ်ဝေခဲ့ပြီး

ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ကျောင်းသားအရွယ်ဟာ အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးကိုဖြစ်စေနိုင်တဲ့ အခွင့်အလမ်းများရှိသလို အလုံးစုံယိုယွင်းပျက်စီးနေနိုင်တဲ့ အခွင့်အလမ်းများလည်း ရှိနေပါတယ်။ ဒါကြောင့် ကျန်းမာရေးနဲ့ညီညွတ်တဲ့ အမူအကျင့်များ ကျောင်းသားအရွယ်ကတည်းက ပြုစုပျိုးထောင်ပေးဖို့ အလွန်အရေးကြီးပါတယ်။ မြို့နယ်တိုင်းမှာ ကျန်းမာရေးအဆင့်မြင့်ကျောင်း ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း သိရှိရပါတယ်။ ကျန်းမာရေးအဆင့်မြင့်ကျောင်း ထူထောင်ရေးလုပ်ငန်းစဉ်မှာ ဆေးရွက်ကြီးကင်းစင်တဲ့ ကျောင်းအဖြစ် ထူထောင်ရေးလုပ်ငန်းများပါဝင်ပါတယ်။ ၂၀၁၉ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျန်းမာရေးအဆင့်မြင့်ကျောင်း ၆၀ ဆောင်ရွက်သွားရန် လျာထားကြောင်း သိရှိရပါတယ်။ လူမှုအဖွဲ့အစည်းများနဲ့ ပြည်သူလူထုပူးပေါင်းပါဝင်မှု အားကောင်းတဲ့မြို့နယ်က မိမိမြို့နယ်အစီအစဉ်နှင့် ကျန်းမာရေးအဆင့်မြင့်ကျောင်း ၂၀ ဆောင်ရွက်သွားမယ်လို့လည်း သိရှိရပါတယ်။ မြန်မာနိုင်ငံနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ် မေလမှာ ပြဋ္ဌာန်းခဲ့ကြောင်း သိရှိရပါတယ်။ ၎င်းဥပဒေမှာ ကျောင်းသားလူငယ်များအနေနဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို လက်လှမ်းမမီစေရန်ရည်ရွယ်ပြီး အခြေခံကျောင်းရဲ့ ပေ ၁၀၀ အတွင်း ရောင်းချခြင်းမပြုရန်၊ အသက် ၁၈ နှစ်အောက်ကလေးများ ဆေးလိပ်ရောင်းချစေခြင်းမပြုရန်၊ ဆေးလိပ်ကို အလိပ်ပြေရောင်းချခြင်းမပြုရန်၊ မည်သည့်နည်းဖြင့်မျှ ကြော်ငြာခြင်းမပြုရန် စတဲ့ ပြဋ္ဌာန်းချက်များပါရှိပါတယ်။ ဒီဥပဒေဟာ ဒီအဆိုနဲ့လုံးဝသက်ဆိုင်တဲ့အတွက် ဥပဒေအတိုင်း ထိရောက်ဆောင်ရွက်ဖို့လိုအပ်ကြောင်း ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ကျန်းမာရေးအဆင့်မြင့်ကျောင်း ထူထောင်ရာမှာ စာသင်ကျောင်းနဲ့ ပေ ၁၀၀ ဝန်းကျင်အတွင်း ဆေးလိပ်၊ ကွမ်းယာမရောင်းချရေးနှင့် အသက်(၁၈)နှစ်အောက် ကျောင်းသားလူငယ်များအား ဆေးလိပ်၊ ကွမ်းယာမရောင်းချရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အာဏာပိုင်အဖွဲ့အစည်းများ၊ နှီးနွှယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပါ။ ပညာရေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကြော်ငြာဗီနိုင်းများ ချိတ်ဆွဲခြင်းတို့ကိုလည်း လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ယခုလို ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကင်းစင်ရေးအသိပညာနှင့် အလေ့အကျင့်များကို ကျောင်းသားလူငယ်များမှတစ်ဆင့် သူငယ်ချင်းများ၊

မိဘဆွေမျိုးများနှင့် ပြည်သူလူထုတစ်ရပ်လုံးအား တစ်ပါတည်းစည်းရုံးပြီးသား ဖြစ်သွားပါလိမ့်မယ်။ နိဂုံးချုပ်အားဖြင့် အကြံပြုဆွေးနွေးလိုတာက ယနေ့ရောင်းချလျက်ရှိနေတဲ့ စီးကရက်ဘူးမှာ ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးသုံးစွဲခြင်း၊ ကွမ်းစားခြင်းကြောင့် လည်ချောင်းကင်ဆာဖြစ်နိုင်သည်လို့ ရေးထားသလို ဆေးလိပ်၊ ကွမ်းယာရောင်းတဲ့ဆိုင်တိုင်းမှာလည်း အလားတူ အန္တရာယ်ဖြစ်နိုင်ကြောင်း သတိပေးဗီနိုင်းများကို မဖြစ်မနေချိတ်ဆွဲထားရှိစေရန် လိုအပ်မည်ဖြစ်ပါတယ်။ ဒီ့အပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံသင့်ပြီး တိုးမြှင့်အခွန်ကြောင့် လူ့အသက်များကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးရင်း ဤအဆိုအား ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးကို ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတင်သွင်းထားတဲ့ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ကွမ်းစားဆေးပါတဲ့ ကွမ်းယာစားသုံးစွဲမှုထိန်းချုပ်လျှော့ချနိုင်ဖို့ ထိရောက်တဲ့မူဝါဒချမှတ်အကောင်အထည်ဖော်ရေးအတွက် အစိုးရအားတိုက်တွန်းကြောင်း အဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။ အဆိုရှင်အနေဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ကွမ်းစားဆေးပါတဲ့ ကွမ်းယာသုံးစွဲမှုကြောင့် ကမ္ဘာ့နိုင်ငံတွင်အပြင် မြန်မာနိုင်ငံမှာပါ ရောဂါဖြစ်ပွားမှု သေဆုံးမှုအနေအထားကို ထောက်ပြတင်ပြသွားပါမယ်။ အဲဒီအန္တရာယ်တွေကို ဆက်လက်မဖြစ်ပွားစေရန် တဖြည်းဖြည်းလျှော့ချထိန်းချုပ်သွားစေရန် စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့လျှော့ပါးစေရန်၊ အသိပညာပေးခြင်း စတဲ့ကဏ္ဍခြောက်ခုကနေပြီး ဆောင်ရွက်ပေးရန် ထောက်ပြတင်ပြသွားပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မိသားစုဘဝရပ်တည်ရေးအတွက် ဆေးရွက်၊ ကွမ်း၊ ကွမ်းသီးစိုက်ပျိုးထုတ်လုပ်နေတဲ့ ပြည်သူများအား အဆိုပါဆေးရွက်၊ ကွမ်း၊ ကွမ်းသီးစိုက်ပျိုးမည့်အစား ဝင်ငွေကောင်းရရှိမည့် အခြားအစားထိုးသီးနှံများ စိုက်ပျိုးစေရန် အသိပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်

ပေးပါရန် လိုအပ်ပါကြောင်း အကြံပြုလိုပါတယ်။ ဆေးလိပ်၊ ဆေးရွက်၊ ကွမ်းယာဆေးများကို နိုင်ငံခြားသို့တင်ပို့မှု နိုင်ငံခြားမှတင်သွင်းမှုများမှာ တရားဝင်ရောင်းဝယ်ခြင်းများဖြစ်ပါမှ ထိန်းချုပ်ခြင်း၊ လျှော့ချခြင်းတို့ကို ဆောင်ရွက်နိုင်ပါ့မယ်။ တရားဝင်ရောင်းဝယ်ခြင်းများဖြစ်စေရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်ပေးပါရန် အကြံပြုလိုပါတယ်။ ငယ်ရွယ်သူကျောင်းသားကျောင်းသူများရဲ့အသိစိတ်ထဲမှာ ဆေးလိပ်၊ ဆေးရွက်၊ ကွမ်းယာတို့သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမယ့် ဆိုးကျိုးများကို နားလည်သဘောပေါက်စေရန် အသိပေးခြင်း၊ ပညာပေးရှင်းလင်းခြင်းတို့မှ အမှား၊ အမှန်ကို ရင်ထဲစွဲဝင်သွားစေပြီး နောင်အနာဂတ်လူငယ်များမှာ ကျန်းမာရေးကောင်းသော၊ သန်စွမ်းသောအနေအထားများရရှိစေရန်နှင့် တိုင်းပြည်ရဲ့ကြုံတွေ့လာနိုင်တဲ့ ကျန်းမာရေးဆိုးဝါးမှုများမဖြစ်စေရန် ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးရန် အကြံပြုပါတယ်။

စီးကရက်၊ ဆေးပေါ့လိပ်ထုတ်လုပ်သော စက်ရုံအလုပ်ရုံများနှင့် ဆေးရွက်စိုက်ပျိုးရန် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီအသစ်များရှိလာပါက ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုသင့်၊ မပြုသင့်နှင့် စဉ်းစားဆုံးဖြတ်ပြီး အထက်အဆင့်သို့ အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူစေလိုခြင်း ဖော်ပြပါကိစ္စရပ်များအတွက် ရင်းနှီးမြှုပ်နှံမည့်အစား အခြားရင်းနှီးမြှုပ်နှံမှုများ ပြောင်းလဲရင်းနှီးမြှုပ်နှံစေရေး စိတ်ဝင်စားလာစေရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ကြိုးစားဆောင်ရွက်ပေးရန်နှင့် စက်ရုံ၊ အလုပ်ရုံမှဝန်ထမ်းများ အလုပ်လက်မဲ့မဖြစ်ပေါ်စေရေး၊ အလုပ်များထပ်မံရရှိရေးကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အထူးဦးစားပေးဆောင်ရွက်ပေးရန် အကြံပြုအပ်ပါတယ်။ ယခုအဆိုကို ဆွေးနွေးတင်ပြရခြင်းမှာ ကျန်းမာရေးအတွက် အထူးအရေးကြီးသင့်ပြီဖြစ်ပါတယ်။ လက်ရှိသုံးစွဲသူများအနေဖြင့် တဖြည်းဖြည်းလျှော့ချသုံးစွဲရန်နှင့် လုံးဝမသုံးစွဲရသေးသူများ မသုံးစွဲဖြစ်ရေးအတွက် ယခုကဲ့သို့ အကြံပြုဆွေးနွေးခြင်းဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုနှင့် ကွမ်းယာစားသုံးမှုသည် လူငယ်များအတွင်း ဆိုးဝါးစွာပျံ့နှံ့နေပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် ကွမ်းယာစားသုံးမှုကြောင့် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာဖြစ်ပွားမှု ပိုမိုများပြားလာကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြောကြားထားပါတယ်။

မူကြမ်း

ဒါ့အပြင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုကြောင့် တစ်ကမ္ဘာလုံးတွင် နှစ်စဉ် လူဦးရေ ခုနစ်သန်းခန့် သေဆုံးလျက်ရှိကြောင်း ကျောင်းသားအရွယ် အသက်(၁၃)နှစ်မှ(၁၅)နှစ် အရွယ် လူငယ်လူရွယ်များ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုမှာ ၂၀၀၇ ခုနှစ်တွင် ၄.၉ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ၈.၃ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ကြောင်း မြန်မာနိုင်ငံတွင် ဆေးပေါ့လိပ် အပါအဝင် ဆေးလိပ်အလိပ်ရေ နှစ်စဉ် ၁၂ ဘီလီယံကျော် သုံးစွဲနေသည်ဟု ခန့်မှန်းသိရှိရကြောင်းနှင့် ကွမ်းယာစားသုံးမှုနှင့်ပတ်သက်ပြီး ထိရောက်သည့်ထိန်းချုပ်မှုများ၊ ထိရောက်သည့်ကာကွယ်မှုများ ဆောင်ရွက်ရာတွင် ကျန်းမာရေးအသိပညာပေးမြှင့်တင်မှုလုပ်ငန်းသည် ကြိုးစားဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရှိရပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီး ပေါ်တွင် အခွန်ကောက်မှုကို ယခင်ကထက် တစ်ဆင့်ချင်းတိုးမြှင့်ကောက်ခံခြင်းအပြင် အခြားနိုင်ငံ များမှာ ဆောင်ရွက်သကဲ့သို့ သီးခြားသတ်မှတ်အခွန်နှင့် အပိုဆောင်းအခွန်များကို ဆောင်ရွက်နိုင်မည် ဆိုလျှင် အကျိုးရှိမည်ဖြစ်ကြောင်း အထက်ပါဝန်ကြီးဌာနမှ ပြောကြားကြောင်းသိရှိရပါတယ်။ အခွန် များပိုမိုရသည့်ရည်ရွယ်ချက်မှာ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါတဲ့ ကွမ်းယာများသုံးစွဲမှု ကြောင့် ပေါ်ပေါက်လာမယ့် ကျန်းမာရေးထိခိုက်မှုကို လျော့နည်းစေရန်ဖြစ်ပါတယ်။ တစ်ဖက်မှာ လည်း ရရှိလာတဲ့အခွန်ငွေများဖြင့် တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဖြစ်ပါတယ်။ သို့ရာတွင် ယင်းအခွန်ရငွေများမှ သုံးစွဲငွေများမှာ ပြည်သူပြည်သား များအတွက် ထိရောက်သောအသုံးစရိတ်များဖြစ်စေရန် လိုအပ်ကြောင်း အကြံပြုအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို တင်သွင်းသော အဆိုတွင်ပါဝင်တဲ့ အချက်အလက်တွေအောင်မြင်စေရန် လွှတ်တော်ကိုယ်စားလှယ် များ၊ အစိုးရအဖွဲ့ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံ တကာအဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီပံ့ပိုးလာရေးအတွက် ဆောင်ရွက်ပေးပါရန် အစိုးရအား အကြံပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ လေးစား

အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဦးခင်ချို တင်ထားတဲ့အဆိုနှင့်ပတ်သက်ပြီး ကွမ်းယာသုံးစွဲမှုထိန်းချုပ်ရေးကို အဓိကထားပြီး အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံသားများအတွက် ကောင်းမွန်တဲ့စေတနာနဲ့တင်သွင်းတဲ့အဆိုလို့ နားလည်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ဆွေးနွေးခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများမထိန်းချုပ်နိုင်မှုကြောင့် ၂၀၁၂ ခုနှစ်အထိ ကမ္ဘာ့လူဦးရေခြောက်သန်းခန့် သေဆုံးခဲ့ရပါတယ်။ ယနေ့အချိန်ခါမှာဆိုရင် ယခုထက်ပိုများမှာဖြစ်ပါတယ်။ အားလုံးအသက်ရှည်ကျန်းမာဖို့ အဆိုပါထိန်းချုပ်ရေးအဆိုဟာ အလွန်အရေးကြီးသလို ကွမ်းယာထဲမှာလည်း ဆေးရွက်ကြီးဖြစ်စေ၊ ပြုပြင်စီမံထားတဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းများထည့်သွင်းသုံးစွဲကြတဲ့အတွက် ထပ်တူထပ်မျှထိရောက်စွာထိန်းချုပ်ကြရမှာဖြစ်ပါတယ်။ ကွမ်းယာကိစ္စ လွှတ်တော်ထဲထိရောက်လာရတဲ့ကိစ္စကိုလည်း ဆက်လေ့လာရမယ်ဆိုရင် ၂၀၁၄ ခုနှစ်မှာ ကွမ်းယာစားသုံးမှုအတွက် မြန်မာနိုင်ငံသားများက အာဆီယံနိုင်ငံတွေမှာ နံပါတ်(၁)ဗိုလ်စွဲခဲ့ပါတယ်။ စာရင်းများအရ အမျိုးသားသုံးယောက်မှာ နှစ်ယောက်၊ အမျိုးသမီးလေးယောက်မှာ တစ်ယောက်ကွမ်းယာစားသုံးခဲ့ပြီး ၂၀၀၉ ခုနှစ်ထက် ငါးနှစ်အတွင်းသိသာစွာတိုးမြင့်လာခဲ့ပါတယ်။ အားကစားမှာဂုဏ်မယူနိုင်ပေမဲ့ ကွမ်းယာစားရာမှာတော့ မြန်မာနိုင်ငံကထိပ်တန်းဖြစ်လာတာဟာ နိုင်ငံအတွက်စိုးရိမ်စရာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုံပါအတိုင်း ကွမ်းယာထဲမှာပါတဲ့ပစ္စည်းတွေကတော့ ကွမ်းသီး၊ ဗမာဆေး၊ ဘူးဆေး၊ ပုလင်းဆေး၊ ထုံး စသည်တို့ဖြစ်ပါတယ်။ ကင်ဆာအားပေးသော သေမင်းတမန်ပစ္စည်းများဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကွမ်းစားဆေးမှာကင်ဆာဖြစ်စေနိုင်တဲ့ပစ္စည်း ၂၈ မျိုးပါဝင်ပါတယ်။ အဲဒီထဲက ဆေးရွက်ကြီးဆိုင်ရာ နိုင်ထရိုဆာမင်းက ကင်ဆာဖြစ်ရန်သေချာတဲ့ကြောက်စရာအကောင်းဆုံးပစ္စည်းဖြစ်ပါတယ်။ ကွမ်းသီးမှာလည်း Arecoline (အရီကို)ရင်းခေါ်တဲ့ ကင်ဆာဖြစ်စေတဲ့ ကွမ်းသီးဆိုင်ရာ နိုင်ထရိုဆာမင်းပါပါတယ်။ ခံတွင်းကင်ဆာရဲ့ ၅၀ ရာခိုင်နှုန်းက အဲဒီကွမ်းစားဆေးကြောင့် ဖြစ်ပါတယ်။ ခံတွင်းကင်ဆာဆိုတာ ပါးစပ်၊ လည်ချောင်း၊ ပါး၊ နှုတ်ခမ်း၊ လျှာ၊ အစာရေမြို တွေမှာဖြစ်တဲ့ ကင်ဆာများဖြစ်ပါတယ်။ ဆေးရွက်ကြီးမှာပါတဲ့ Nicotine ဟာ စားသုံးသူကို သာယာကျေနပ်မှုပေးပြီး စွဲလမ်းစေပါတယ်။ ကွမ်းယာမှာပါတဲ့ထုံးကြောင့်ကွမ်းယာတစ်ငုံဟာ စီးကရက်တစ်လိပ်ထက် Nicotine ပမာဏသွေးထဲကိုဝင်ရောက်စေတဲ့အတွက် ပမာဏနည်းပိုများတဲ့အတွက် စွဲလမ်းမှုပိုများစေပြီး ကွမ်းယာဖြတ်ရန်အထူးခက်ခဲစေပါတယ်။

ဒါကြောင့် ဆေးလိပ်ဖြတ်ရန် ကွမ်းယာနှင့်အစားထိုးခြင်းဟာ မှားတဲ့အယူအဆဖြစ်ပါတယ်။ Signal 45၊ 81 ၊ 92 စတဲ့အရာတွေဟာ အိန္ဒိယနယ်စပ်မှတရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ တင်သွင်းတဲ့ဆေးရွက်ကြီးပါကွမ်းစားဆေးအမျိုးမျိုးဖြစ်ပါတယ်။ ဒါပေမဲ့ မြို့ရန်မဟုတ်၊ မြို့လိုက်က အဆိပ်တစ်မျိုးဖြစ်ကြောင်း ဘူးပေါ်မှာစာပါပေမဲ့ ကွမ်းစားသူများဟာ ရံဖန်ရံခါမြို့ချလေ့ရှိပါတယ်။ အန္တရာယ်ကို စာမဖတ်တတ်၍ မသိသလို စာတတ်သော်လည်း သတိမမူကြတဲ့အတွက် ကြောက်စရာအလွန်ကောင်းပါတယ်။ ကွမ်းယာတွင် ဆေးရွက်ကြီးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ပြင်သစ်နိုင်ငံ၊ LEONS (လီယွန်)မှာရှိတဲ့ IARC အပြည်ပြည်ဆိုင်ရာကင်ဆာသုတေသနအေဂျင်စီအလိုအရ ခံတွင်းကင်ဆာဖြစ်ပွားနိုင်ကြောင်း ကြေညာထားပါတယ်။ ကွမ်းယာနှင့်ဆေးလိပ်၊ အရက်သုံးမျိုးဖြစ်စေ၊ နှစ်မျိုးဖြစ်စေ တစ်ပြိုင်တည်းမှီဝဲပါက ကင်ဆာဖြစ်နိုင်ခြေ နှစ်ဆမှသုံးဆအထိ ပိုမြန်စေကြောင်းလည်း တွေ့ရှိထားပါတယ်။ ကွမ်းယာစားသုံးမှု ထိန်းချုပ်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများသောက်သုံးမှုဥပဒေ၊ ကွမ်းယာ၊ ကွမ်းသီးနှင့်ထုံးကြောင့် ခံတွင်းကင်ဆာကို ဖြစ်နိုင်တဲ့အတွက် အစားအစာနှင့်ဆေးဝါး ထိန်းချုပ်ရေးဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ ကွမ်းတံတွေးများစည်းကမ်းမဲ့ထွေးခြင်းဖြင့် အများပြည်သူပတ်ဝန်းကျင်ညစ်ညမ်းစေတဲ့အတွက် စည်ပင်သာယာဥပဒေများဖြင့် ထိန်းချုပ်နိုင်ပါတယ်။ အခွန်တိုးမြှင့်ကောက်ခံခြင်းဖြင့်လည်း ထိန်းချုပ်ရန်ဖြစ်ပါတယ်။ ပြည်ထောင်စုအခွန်ဥပဒေ၊ အထူးကုန်စည်ဥပဒေများရှိပါတယ်။ ဒီလိုဥပဒေများရှိပေမဲ့ ပြင်းထန်ထိရောက်စွာအရေးယူမှု အားနည်းခြင်းကြောင့် ကွမ်းယာပြဿနာဆိုးရွားလာတယ်လို့ သုံးသပ်မိပါတယ်။

ခံတွင်းကင်ဆာဟာ မြန်မာနိုင်ငံဟာ စတုတ္ထအများဆုံးဖြစ်ပြီး သွားနှင့်ခံတွင်းဆရာဝန်များက စတင်စမ်းသပ်တွေ့ရှိနိုင်တဲ့ကင်ဆာအမျိုးအစားဖြစ်ပါတယ်။ ကွမ်းစားခြင်းကြောင့် ခံတွင်းကင်ဆာဖြစ်စေကြောင်း ၂၀၁၆ ခုနှစ် တောင်ငူဆေးရုံလေ့လာမှုစာတမ်းအရ ကင်ဆာဖြစ်ပွားသူ ၆၇ ဦးစလုံးမှာ ကွမ်းစားသူများဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အသက် ၁၃ နှစ်နှင့် ၁၇ နှစ်ကြားလူငယ်များ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးပစ္စည်းသောက်သုံးမှု သုံးဆကျော်မြင့်တက်လာခြင်းနှင့် ကျောင်းသားလူငယ်များ အရက်၊ ဆေးလိပ်၊ ကွမ်းယာသုံးစွဲမှုများပြားလာခြင်းကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ပြီးခဲ့တဲ့ ဇွန်လက ကျင်းပခဲ့တဲ့ ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းများ အရှိန်မြှင့်တင်ရေး အမျိုးသားအဆင့်နှီးနှောဖလှယ်

ပွဲမှာ ပြဿနာ၏အဖြေရှာကြရန်နှင့် ကျောင်းပရဝဏ်မှ ပေ ၁၀၀ အတွင်း ရောင်းချခြင်းကို ထိရောက်စွာ အရေးယူရန်တိုက်တွန်းခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာလည်း လူ့စွမ်းအားအရင်းအမြစ်များ မဆုံးရှုံးရေး၊ ကျန်းမာရေးကုန်ကျစရိတ်များ လျှော့ချနိုင်ရေး၊ အခွန်ဘဏ္ဍာတိုးမြှင့်ရရှိရေး၊ မျိုးဆက်သစ်လူငယ်များ အနာဂတ်ကို ကွမ်းယာ၊ ဆေးလိပ်များဖြင့် မဖျက်ဆီးနိုင်ရေး၊ မပျက်စီးနိုင်ရေးအတွက် ထိရောက်စွာ ထိန်းချုပ်နိုင်ရန် မူဝါဒများအထူးလိုအပ်နေပြီး မူဝါဒများချမှတ်ရာမှာ ထိန်းချုပ်ရေးမူဝါဒများကို လေ့လာစောင့်ကြည့်ခြင်း၊ အများပြည်သူများအား ကွမ်းယာနှင့်ဆေးလိပ်ငွေ့အန္တရာယ်မှအကာအကွယ်ပေးခြင်း၊ ကွမ်းယာ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုစွန့်လွှတ်နိုင်ရန် ကူညီပေးခြင်း၊ ကွမ်းယာ၊ ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုအန္တရာယ်သတိပေးခြင်း၊ အသိပညာပေးခြင်း၊ အသိပညာတွေ ပေးရာမှာ လွှတ်တော်ကိုယ်စားလှယ်များပါဝင်ဆောင်ရွက်စေခြင်း၊ ထိန်းချုပ်မှုကိုအားပေးသည့် ဥပဒေများဖြင့် ထိရောက်စွာအပြစ်ပေးအရေးယူနိုင်စေရန် ဆောင်ရွက်ပေးခြင်း၊ ကွမ်းယာနှင့်ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းများအား ထည့်သွင်းပေးရန် အကြံပေးတင်ပြ၍ ဦးခင်ချို၏အဆိုအား လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးမယ့် ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ဆေးလိပ်သောက်သုံးခြင်းနှင့် ကွမ်းယာစားသုံးမှုဟာ နိုင်ငံနှင့်အဝှမ်း သုံးစွဲမှုမြင့်တက်လျက်ရှိပါတယ်။ ကွမ်းယာကစားသုံးသူကိုသာ ကျန်းမာရေးထိခိုက်နိုင်ပေမဲ့ ဆေးလိပ်သောက်သုံးမှုကတော့ ပတ်ဝန်းကျင်ကိုကြီးစွာသောသက်ရောက်မှုကို ဖြစ်စေပါတယ်။ အကျိုးဆက်အနေနဲ့ နိုင်ငံတော်ရဲ့များပြားလှတဲ့ဘဏ္ဍာငွေတွေကို ကုသရေးမှာ အသုံးပြုရခြင်းဖြစ်ပါတယ်။ ဒါကိုပဲ အဆိုရှင်က ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုလျှော့ချရေးအတွက် နိုင်ငံတော်အဆင့်ကနေလုပ်ဆောင်ဖို့ စေတနာနဲ့တင်ပြတဲ့ အကျိုးပြု

အဆိုကောင်းတစ်ရပ်ဖြစ်ပါတယ်။ အဆိုရှင်တင်ပြတဲ့အထဲမှာ မူဝါဒချမှတ်ဖို့အတွက် စိုက်ပျိုးခြင်းမှ ရောင်းချခြင်းအထိကဏ္ဍ၊ အသိပညာပေးမှုကဏ္ဍ၊ ကျန်းမာရေးလုပ်ငန်းကဏ္ဍ၊ အခွန်အကောက်ကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍနဲ့ ဘတ်ဂျက်ရေးဆွဲရေးကဏ္ဍဆိုပြီး အပိုင်း(၆)ပိုင်း တင်ပြထားတာကို တွေ့ရပါတယ်။ ဒီနေရာမှာ ကျန်းမာရေးနဲ့အခွန်အကောက်ကဏ္ဍနှစ်ပိုင်းကို အဓိကထားဆွေးနွေးလိုပါတယ်။ ဆေးရွက်ကြီးသုံးစွဲမှုဟာ ကမ္ဘာနှင့်အဝှမ်း ကပ်ရောဂါအသွင် ကူးစက်ပျံ့နှံ့ခဲ့ပြီး ၂၀ ရာစုအတွင်း ကျား/မ၊ ကလေး/လူကြီးအပါအဝင် လူပေါင်း သန်း ၁၀၀ ခန့် သေစေခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ သေဆုံးမှုကိုဖြစ်စေတဲ့ အကြောင်းအရာရှစ်ခုအနေနဲ့ နှလုံးရောဂါ၊ ဦးနှောက်သွေးကြောရောဂါ၊ အသက်ရှူလမ်းကြောင်းအောက်ပိုင်းရောဂါပိုးဝင်ခြင်း၊ နာတာရှည်၊ အသက်ရှူလမ်းကြောင်းကျဉ်းရောဂါ၊ HIV/AIDS ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ တီဘီ၊ အသက်ရှူပြွန်နှင့် အဆုတ်ကင်ဆာတို့နှင့် HIV/AIDS ၊ ဝမ်းပျက်ဝမ်းလျှောရောဂါကလွဲလို့ ကျန်ခြောက်ခုဟာ ဆေးရွက်ကြီးသုံးစွဲမှုနဲ့ ဆက်နွယ်နေတာကို တွေ့ရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇ ခုနှစ် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ဦးဆောင်ထုတ်ဝေတဲ့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း၊ သောက်သုံးမှုထိန်းချုပ်ရေး လက်စွဲစာစောင်မှာဖော်ပြချက်အရဆိုရင် ဆေးလိပ်နှင့်ဆေးရွက်ကြီးအတွက် ပစ္စည်းသောက်သုံးမှု တစ်ခုတည်းကြောင့် ကမ္ဘာပေါ်မှာ နှစ်စဉ် လူဦးရေခုနစ်သန်း သေဆုံးနေကြရပြီး သေဆုံးသူ ၁၀ ဦးရှိ တိုင်း တစ်ဦး တစ်နည်းအားဖြင့် လူဦးရေခုနစ်သိန်းဟာ ကိုယ်တိုင်သုံးစွဲသူမဟုတ်ဘဲ ဆေးလိပ်ငွေ့ ကြောင့် သေဆုံးနေကြရတာကို တွေ့ရပါတယ်။ အဲဒီသေဆုံးမှုထဲမှာမှ ၇၅ ရာခိုင်နှုန်းဟာ အမျိုးသမီးနဲ့ ကလေးသူငယ်များဖြစ်ကာ ၎င်းတို့ကိုယ်တိုင် ပြုမူကျူးလွန်မှုမပါဘဲ အခြားဆေးလိပ်သောက်သုံးသူတို့ကြောင့် အပြစ်ကင်းစင်သူတို့ သေဆုံးနေရခြင်းဟာ ပြည်သူများကျန်းမာရေးအတွက် ကြီးစွာသော စိန်ခေါ်မှုဖြစ်နေကြောင်း ဖော်ပြပါရှိပါတယ်။ ဆေးရွက်ကြီးထွက်ပစ္စည်းပါဝင်တဲ့ ကွမ်းယာစားသုံးမှုကို ကြည့်ရင် အမျိုးသား ၆၂.၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၄.၁ ရာခိုင်နှုန်းရှိနေတယ်လို့ ဆိုပါတယ်။ အသက် (၁၅) နှစ်အောက်လူငယ်များ ကွမ်းယာစားသုံးမှုဟာ ၁၀ နှစ်ကာလအတွင်း သုံးဆမြင့်တက်လာကြောင်းနှင့် လူငယ်သုံးယောက်မှာ တစ်ယောက်နှုန်း သုံးစွဲနေတာကို တွေ့ရှိရတာကိုလည်း ဝမ်းနည်းဖွယ်တွေ့ရပါတယ်။ ၂၀၁၁ ခုနှစ် လူငယ်စစ်တမ်းအရ ၁၄ ရာခိုင်နှုန်းရှိသော လက်ရှိ ဆေးလိပ်မသောက်ရသေးတဲ့ လူငယ်များဟာ နောင်နှစ်မှာ စမ်းသပ်သောက်သုံးဖို့ ရည်ရွယ်ထားတယ်

လို့ဖြေကြားကြောင်း ရင်လေးစွာ ကြားသိရပါတယ်။ လူကြီးပိုင်းမှာဆိုရင်လည်း နည်းမျိုးစုံနဲ့ဖော်စပ်ထားတဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းကို ကွမ်းယာမှာထည့်သွင်းစားသုံးတဲ့ဓလေ့ဟာ ပိုမိုရှင်သန်လာပြီး အမျိုးသားနှစ်ယောက်မှာတစ်ယောက်နဲ့ အမျိုးသမီးလေးယောက်မှတစ်ယောက်နှုန်းဟာ ဆေးရွက်ကြီးထွက်ပစ္စည်းများပါဝင်တဲ့ ကွမ်းယာကို နေ့စဉ်စားသုံးနေတယ်လို့ ဆိုပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြခဲ့တဲ့ မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေအရ သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်မီတုံ့ပြန်ဖြေရှင်းမှုမပြုနိုင်ဘူးဆိုရင် နိုင်ငံရဲ့အနာဂတ်ဟာ ရင်လေးစရာဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုအန္တရာယ်ဟာ နိုင်ငံတကာမှာ ကြီးမားတဲ့ပြဿနာဖြစ်နေတဲ့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာနှင့်ညှိနှိုင်းပြီး အပြည်ပြည်ဆိုင်ရာဆေးရွက်ကြီးထိန်းချုပ်ရေးကွန်ဗင်းရှင်း(WHO FCTC)ကို ၂၀၀၃ ခုနှစ်မှာ ရေးဆွဲခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် မတ်လမှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈၀ ဟာ အဖွဲ့ဝင်နိုင်ငံတွေဖြစ်လာပါတယ်။ ၂၀၁၅ ခုနှစ် ကုလသမဂ္ဂအဖွဲ့မှ ဖွံ့ဖြိုးမှုထောင်စုနှစ်ရည်မှန်းချက်များကို ပြည့်မီနိုင်ခြင်းရှိ/မရှိ ဆန်းစစ်ပြီး နိုင်ငံများဖွံ့ဖြိုးတိုးတက်ကာ ဆင်းရဲမွဲတေမှုလျော့နည်းစေရန် ဦးတည်လျက် ၂၀၃၀ ပြည့်နှစ်အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ (Sustainable Development Goals for 2013)ကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအထဲမှာ ရည်မှန်းချက် ၁၇ ရပ်ပါရှိပြီး ရည်မှန်းချက်(၃)ဟာ လူတိုင်းကျန်းမာရေးအဆင့်မြင့်မားတိုးတက်ရေးဖြစ်ပါတယ်။ အဆိုပါရည်မှန်းချက်(၃)ကို ရောက်ရှိနိုင်ခြင်းရှိ/မရှိ တိုင်းတာတဲ့ပစ်မှတ်(၁၃)ခုနဲ့ တစ်ခုက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အပြည်ပြည်ဆိုင်ရာဆေးရွက်ကြီးထိန်းချုပ်ရေးကွန်ဗင်းရှင်းကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာဆေးရွက်ကြီးထိန်းချုပ်ရေးကွန်ဗင်းရှင်းရဲ့ ပြဋ္ဌာန်းချက်များအနက် အဓိကဆောင်ရွက်ရန်မှာ ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ထူထောင်ရန် ဖြစ်ပါတယ်။ ဆေးလိပ်ငွေ့ကင်းစင်သောပတ်ဝန်းကျင်ဖြစ်လာစေဖို့ ဆေးလိပ်မသောက်ရတဲ့နေရာများသတ်မှတ်အကောင်အထည်ဖော်ရန် ဖြစ်ပါတယ်။ အများပြည်သူ ဝင်/ထွက်သွားလာနေတဲ့နေရာများ၊ ရုံးများ၊ ကျောင်းများ၊ ဆေးရုံနှင့်ဆေးခန်းများကို ဆေးလိပ်မသောက်သုံးရတဲ့နေရာများ သတ်မှတ်ထားရှိပြီးဖြစ်တဲ့အလျောက် တာဝန်ရှိသူများနှင့် ပြည်သူများကိုယ်တိုင် လိုက်နာဆောင်ရွက်ဖို့ လိုပါ

တယ်။ နောင် ၁၀ နှစ်အတွင်း ဆယ်ကျော်သက်မတိုင်မီကလေးငယ်များအတွက် ဆေးလိပ်ငွေ့ကင်းစင်တဲ့ပတ်ဝန်းကျင်အဖြစ် ထူထောင်ကြရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အပြည်ပြည်ဆိုင်ရာဆေးရွက်ကြီးထိန်းချုပ်ရေးကွန်ဗင်းရှင်းကို အကောင်အထည်ဖော်ရာမှာ မဟာဗျူဟာကျတဲ့လုပ်ငန်းစဉ်တစ်ခုကတော့ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ်မှာ အခွန်တိုးမြှင့်ကောက်ခံခြင်းဖြစ်ပါတယ်။ စီးကရက်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းဝယ်ဈေးတန်ဖိုး (Market Price) နည်းနေခြင်းဟာ အခွန်ကောက်ခံမှုနည်းတာနဲ့လည်း ဆက်စပ်နေပါတယ်။ နိုင်ငံတကာအတွေ့အကြုံအရ စီးကရက်နဲ့ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများ ဝယ်ဈေးတန်ဖိုး (Market Price) ရဲ့ ၇၀ ရာခိုင်နှုန်းအထက်မှာ အခွန်ငွေရှိသင့်ကြောင်းနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် အကျိုးသက်ရောက်မှုအရှိဆုံးဖြစ်ကြောင်း သိရပါတယ်။ တစ်နည်းအားဖြင့် အခွန်တိုးမြှင့်ကောက်ခံခြင်းဖြင့် နိုင်ငံတော်အတွက် အခွန်အခတိုးရသလို တစ်ဖက်ကလည်း စီးကရက်၊ ဆေးလိပ်၊ ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက်ပစ္စည်းတွေ ဝယ်ဈေးတန်ဖိုးမြင့်မားလာတဲ့အတွက် ဝယ်လိုအားကျဆင်းသွားလာနိုင်ပါတယ်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့သော်လည်း ပြည်သူများအကြား ဥပဒေရဲ့ရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်များကို သိရှိနားလည်ဖို့ အားနည်းတဲ့အတွက် ဥပဒေဆိုင်ရာပညာပေးမှုကို တိုးချဲ့လုပ်ဆောင်သင့်ပါတယ်။ အထက်ပါဥပဒေမှာ အခွန်မြှင့်တင်ရေးနှင့်ပတ်သက်ပြီး ဖော်ပြမထားပေမဲ့ လက်ရှိအခွန်စည်းကြပ်မှုဘောင်အတွင်းကနေ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများအား အခွန်တိုးမြှင့်ကောက်ခံမှုကိုလည်း ထပ်ဆင့်အကြံပြုလိုပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၆ ခုနှစ် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုထိန်းချုပ်ရေးဥပဒေအတွင်း လိုအပ်ရင် နည်းဥပဒေနဲ့ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးပြီး မူလတန်းကျောင်းများအပါအဝင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံဆေးခန်းများ၊ အစိုးရရုံးများ၊ အများပြည်သူသုံးခန်းမများ၊ ကစားကွင်းများနှင့် နိုင်ငံတော်က ကြီးမှူးကျင်းပတဲ့ပွဲတော်ကြီးတွေမှာ ဆေးလိပ်ငွေ့ကင်းစင်တဲ့ ပတ်ဝန်းကျင်ရရှိရေးနဲ့ အဆုံးမှာ ဆေးရွက်ကြီးသုံးစွဲမှုရာခိုင်နှုန်းပြည့်ကင်းစင်တဲ့ ပတ်ဝန်းကျင်ရရှိရေး ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရင်း လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုရဲ့အဆိုအား ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

မှုကြမ်း

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင် ဖြစ်ပါတယ်။ အဆိုရှင်ကတော့ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါ ကွမ်းယာ သုံးစွဲမှုထိန်းချုပ်လျှော့ချနိုင်ဖို့ရည်ရွယ်ပြီးတော့ အဆိုတင်ထားတာဖြစ်ပါတယ်။ ဒီနေရာမှာပြောမယ် ဆိုရင် အဓိကသည် ဆေးရွက်ကြီးပဲဖြစ်ပါတယ်။ ဆေးရွက်ကြီးဟာ ရှေးပဝေသဏီကတည်းက ကျွန်တော်တို့သုံးစွဲလာခဲ့တာပါ။ ကောင်းတဲ့ဘက်ကသုံးစွဲလာတာပါ။ တိရစ္ဆာန်မှာလည်း အနာရောဂါ တွေကိုပျောက်တယ်။ လူတွေမှာလည်း အနာရောဂါတွေကိုပျောက်တယ်ဆိုပြီး စသုံးခဲ့တာပါ။ အဲဒီ ကနေပြီးတော့မှ ကွမ်းရွက်၊ ကွမ်းသီးနဲ့ထုံးတွေရောပြီးတော့ ပါးစပ်ထဲငုံပြီးတော့ ပါးစပ်ထဲမှာရှိတဲ့ ပိုးတွေသေတယ်လို့ ယူဆပြီးတော့ သူတို့သုံးစွဲခဲ့ကြတာ။ ဒါကလည်း သူတို့အယူအဆနဲ့သူတို့ သုံးခဲ့ ကြတာပါ။ အစာအိမ်ရောဂါပြောမယ်ဆိုရင် အစာအိမ်ရောဂါသည် အရင်တုန်းကတော့ အစာအိမ် အက်ဆစ်ကြောင့်လို့ပြောတယ်။ နောက်ကျတော့ ကျွန်တော်တို့က အစာအိမ်အမှေးပါးရဲ့ခံနိုင်ရည် ပေါ်မှာမူတည်တယ်လို့ပြောတယ်။

ဒါပေမဲ့ ၁၉၈၀ ခုနှစ်ကျတော့ Helicobacter Pylori ပိုးကြောင့်ဖြစ်တယ်လို့ပြောကြပါတယ်။ အဲဒီပိုးကဘယ်ကလာသလဲဆိုရင် ပါးစပ်ထဲမှာရှိတဲ့ ပိုးပေါင်းများစွာရှိတဲ့အထဲက Helicobacter Pylori ပိုးကြောင့်ဖြစ်တယ်လို့ ယူဆခဲ့ပါတယ်။ အဲဒီလိုပြောခြင်းအားဖြင့် ပါးစပ်ထဲမှာပိုးပေါင်းများစွာ ရှိတယ်ဆိုတာလည်း အရင်တုန်းကအယူဆသည်မှန်တယ်လို့ ပြောလို့ရပါတယ်။ အဲဒီနေရာက နေပြီးတော့မှ ဆေးရွက်ကြီးတို့၊ ဆေးရိုးတို့၊ အုန်းနှံသားတွေနဲ့လည်း တချို့လုပ်ပြီးတော့ ဆေးလိပ်လိပ်သောက်တာတွေလည်းရှိပါတယ်။ တချို့လည်း ပြောင်းဖူးဖက်နဲ့လိပ်ပြီးသောက်ကြပါတယ်။ တချို့ကျတော့ ဗာဂျီးနီးယားစိုက်၊ စီးကရက်တွေသုံး ဆေးပြင်းလိပ်။ ဒီလိုတွေကျွန်တော်တို့လုပ်ခဲ့ တာကလည်း တစ်ချိန်တုန်းကတော့ လောဘ၊ ဒေါသတွေပဲများလို့လားမသိဘူး။ ရှင်ဘုရင်ကိုယ်တိုင်က ကွမ်းအစ်ကို တည်ပြီးတော့ ဒီလိုပဲသုံးကြပါတယ်။ ကျွန်တော်တို့က ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အသက်ရှည်စွာ အနာမဲ့ရေးမှာလည်း စိတ်ကလည်းအရေးကြီးပါတယ်။ အရေးကြီးတဲ့အတွက်ပဲ အရင်တုန်းက ရှင်ဘုရင်တွေက ကွမ်းတွေစားကြသလားတော့မသိပါဘူး။ အခုကျတော့ ကျွန်တော်တို့ ကပိုပြီးတော့မှ

လောဘ၊ ဒေါသတွေများသလား၊ Stress တွေပဲများသလားတော့မသိဘူး။ ကျွန်တော်တို့ ပိုပြီးတော့ ကွမ်းယာတွေ၊ ဆေးလိပ်တွေ လူတွေပိုသုံးကြပါတယ်။

အဲဒီနေရာမှာ အိန္ဒိယတောင်ပိုင်းဘက်ရှိတဲ့လူတွေဟာဆိုလို့ရှိရင် ထုံးနဲ့ဆေးကိုနယ်ပြီးတော့ ပါးစပ်ထဲကိုငုံလိုက်ပါတယ်။ ငုံရင်းငုံရင်းနဲ့ ပါးဆောင်ကင်ဆာဖြစ်ပါတယ်။ ဒါနဲ့က ဒီလို သုတေသနတွေ တွေ့လာတဲ့အခါကျတော့ ဒါက ပါးဆောင်ကင်ဆာဖြစ်နိုင်တယ်။ ဒါကြောင့်မို့လို့လည်း အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံတွေမှာဆိုရင် ကွမ်းယာကိုရောင်းပေမဲ့ ကွမ်းယာပဲဝယ်လို့ရပါတယ်။ ဆေးနဲ့ရောပြီးရောင်းလို့ မရပါဘူး။ ဆေးရွက်ကြီးကိုပဲ အရင်သတ်သတ် Tax လည်း အများကြီးပေးရပါတယ်။ လွယ်လွယ် ကူကူလည်း ဝယ်လို့မရပါဘူး။ အဲဒီမှာလည်း ဆေးရွက်ကြီးထုပ်မှာ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက် နိုင်တယ်ဆိုပြီး စာတန်းရေးထားပါတယ်။ ရိုးရိုးကွမ်းယာပဲဝယ်လို့ရပါတယ်။ ဒါက ကွမ်းယာရဲ့ Culture ကိုတော့ ထိန်းသိမ်းပေမဲ့ ဆေးရွက်ကြီးကိုတော့ ကွမ်းယာထဲမှာထည့်မရောင်းပါဘူး။ ဒါက လည်း ဘာကိုပြောတာလဲဆိုတော့ ခက်အောင်လုပ်လိုက်တာပါပဲ။ ကျန်တဲ့နိုင်ငံတွေမှာလည်း ဒီလိုပါပဲ။ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံတို့မှာလည်း ကွမ်းယာဆိုင်တွေက ဒီလိုမတွေ့ရပါဘူး။ ခက်ခက်ခဲခဲရှာပြီးမှ စားရပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ဘယ်လိုရောင်းသလဲဆိုရင် ကွမ်းယာရောင်းတဲ့ နေရာမှာ အင်မတန်မှရှားတယ်။ ကွမ်းယာစားချင်ရင်ဘာလုပ်ရသလဲဆိုရင် ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး သတ်သတ်စီဝယ်ရပါတယ်။ ဝယ်ပြီးရင်ကွမ်းသီးကို ဘယ်လိုလုပ်ထားသလဲဆိုရင် အလုံးလေးလိုက် အပေါ်ကအဖက်တွေ ကိုယ့်ဟာကိုယ်ခွာရပါတယ်။ ခွာပြီးတော့မှ စိပ်စိပ်ပြီးမှစားရတယ်။ အဲဒီလို စားရတာ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်လေ့လာသလောက်ဆိုရင် ခက်ခက်ခဲခဲဖြစ်အောင်လုပ်တာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ၂၀၀၆ ခုနှစ်က ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းချုပ်ရေးဥပဒေမှာ လည်း ဆေးလိပ်ကိုဘူးလိုက်ပဲရောင်းရမယ်။ အလိပ်လိုက်မရောင်းရဘူး။ ကျောင်းတွေရဲ့ရှေ့တွေမှာ၊ အစိုးရဌာနတွေရဲ့ရှေ့တွေမှာ ပေ ၁၀၀ ပတ်လည်မှာမရောင်းရဘူး။ ဒီလိုခက်ခဲအောင် ကျွန်တော် လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာပြည်မှာကျတော့ အဲဒီလိုမဟုတ်တော့ဘူး။ ဆေးမျိုးစုံ အကုန်ရတယ်။ 92 ဝယ်မလား၊ 100 ဝယ်မလား၊ Signal ၊ ဆေးမွှေး၊ ဆေးရွက်ကြီး ဒီလိုမျိုးစုံ အကုန်လုံးရပါတယ်။ အဲဒါတွေကို ဓာတ်ခွဲစစ်ဆေးကြည့်ပြီးပြီလား။ နှပ်ဆေးရည်ဆိုပြီးတော့ ကျွန်တော် တို့က နှပ်ဆေးရည်ကရော ဘာတွေပါနေလဲ။ ဒါတွေဟာ ကျွန်တော်တို့က Research လုပ်ဖို့ ကောင်း

ပါတယ်။ နှပ်ဆေးရည်ဆိုတာက အစပိုင်းမှာ ကျွန်တော်သိတာတော့ ဆေးရွက်ကြီးကမှိုတက်တယ်။ ကွမ်းသီးကလည်းမှိုတက်တယ်။ အဲဒီတော့ မှိုတက်တဲ့အခါကျတော့ ဆေးရွက်ကြီးကို ရေနွေးနဲ့ စိမ်လိုက်တယ်။ စိမ်လိုက်ပြီးတဲ့အခါကျတော့ ပျားရည်လေးနည်းနည်းရောမယ်။ အရက်ကလေး နည်းနည်းရောမယ်။ စိမ်ပြီးတော့ ကျွန်တော်တို့က ထည့်သုံးတာပါ။ နောက်ကျတော့ မြန်မာနိုင်ငံထဲမှာပဲ ဖစ်ဖြစ်၊ အိန္ဒိယကပဲဝင်သလိုလိုနဲ့ နှပ်ဆေးရည်တွေဟာ ဘာရည်တွေမှန်းမသိတဲ့ Chemical Compound တွေနဲ့လုပ်ထားတာရှိတဲ့အတွက် အန္တရာယ်ရှိနိုင်တယ်ဆိုတာ ငြင်းလို့မရပါဘူး။ ကွမ်းသီးလည်းဒီလိုပါပဲ။ ကွမ်းသီးကိုလည်း ကျွန်တော်တို့က မှိုတက်တယ်ဆိုပြီးတော့ ရေနွေးစိမ်တယ်။ နောက်ကျတော့ ပျော့အောင်ဆိုပြီးတော့ အက်ဆစ်နည်းနည်းရောလိုက်တယ်လို့သိရတယ်။ ဒါတွေဟာ အင်မတန်အန္တရာယ် ရှိတာတွေပါ။ ထိုနည်းတူစွာပဲ ကွမ်းပင်ရှင်ဖို့ဆိုရင်ဆေးတော်တော်ဖျန်းရပါတယ်။ အဲဒီတော့ ကွမ်းရွက်တင်ဖို့ဆိုရင် ပိုးသတ်ဆေးတွေ အများကြီးသုံးရတဲ့အတွက် အဲဒီနေရာမှာ၊ ကွမ်းရွက်တွေဟာ ရေမဆေးဘဲနဲ့များ ဘယ်လောက်များလူတွေကို ဒုက္ခပေးနေမလဲ။ ထုံးစပ်ရာမှာလည်း ကျွန်တော်တို့စဉ်းစားစရာ ဖြစ်ပါတယ်။ ချုံပြောရရင် အခုခေတ်လူငယ်တွေသာ ပြုပြင်ပြောင်းလဲတဲ့ ဈေးကွက်ရောက်လာတာ ရှေးယခင်က ကွမ်းစားတာထက် အခုပိုပြီးတော့ ဒုက္ခပေးနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။ ဒါတွေကို ဆင်ခြင်နိုင်ဖို့ FDA နဲ့ စစ်ဆေးပြီးတော့ ကျန်းမာရေးအသိပညာပေးဖို့ လိုနေပြီဆိုတာ မီးမောင်းထိုးပြလာပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က စဉ်းစားတဲ့အခါကျတော့ တစ်ခုခုရောဂါဖြစ်လာရင် ဆေးရွက်ကြီးကြောင့် ဖြစ်တယ်။ ဥပမာ-နီကိုတင်း ဖြစ်တယ်။ နီကိုတင်းကြောင့် ခြေဖဝါးမှာရှိတဲ့ နောက်ဆုံးသွေးလွှတ်ကြောလေး Dorsalis Pedic Atery ကပိတ်ပြီးတော့ Burgerts disease ဆိုတာဖြစ်တယ်။ အဲဒီသွေးလွှတ်ကြောပိတ်ရောဂါကြောင့် ခြေထောက်ဖြတ်မှာလား၊ ဆေးလိပ်ဖြတ်မှာလား။ အဲဒီလို ကျွန်တော်တို့က ရှိပါတယ်။ အဲဒီအခါကျတော့ ဘာကြောင့်ဖြစ်တာတုန်း၊ ဆေးလိပ်ကြောင့်ဖြစ်တယ်။ ဆေးလိပ်က ဘာဖြစ်လို့တုန်း Nicotine ပါလို့။ အခြားဓာတ်ပစ္စည်းတွေကြောင့်လဲ အဆုတ်ကင်ဆာဖြစ်တယ်။ ဘာဖြစ်လို့လည်း ဆေးရွက်ကြီးကြောင့်၊ ဆေးလိပ်ကြောင့် ဒီလိုစဉ်းစားခဲ့တဲ့နေရာမှာ ဒီလိုကျွန်တော်တိုပြန်ပြီးတော့ သေသေချာချာ စနစ်တကျ လုပ်ဖို့လိုနေပြီဆိုတာ ကျွန်တော်ဒီနေရာကနေ တင်ပြလိုပါတယ်။ ၂၀၀၆ ခုနှစ်ကလည်း ဥပဒေက ထုတ်ပြန်ခဲ့ပြီးသားပါ။ ၂၀၀၇ ခုနှစ်မှာလည်း ကျွန်တော်တို့ အဲဒီဥပဒေဟာ အသက်ဝင်အတည်ဖြစ်ပါတယ်။ အတည်ဖြစ်ပြီးတော့ ဥပဒေကို လိုက်နာမှာပါ။ ဒါပေမဲ့ ဒီကနေ့ ပြင်ဦးလွင်မှာတောင်မှ ဒီနှစ်ထဲကျမှ Tobacco Smoke Free City အနေနဲ့ ကျွန်တော်တို့က ဒီနေ့စလုပ်ဆောင်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့

ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ဒီအချက်အလက်တွေအများကြီးစဉ်းစားပြီးတော့ ဆောင်ရွက်ဖို့လိုတယ်ဆိုတဲ့အကြောင်း။

**ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ လှိုင်းဘွဲ့မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို တင်သွင်းတဲ့ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါတဲ့ကွမ်းယာသုံးစွဲမှု ထိန်းချုပ်လျှော့ချနိုင်ဖို့ ထိရောက်တဲ့မူဝါဒ ချမှတ်အကောင်အထည်ဖော်ရေးအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ပတ်သက်ပြီး တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးခင်ချို တင်ပြဆွေးနွေးတဲ့ အချက်များအားလုံးကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီး ကိုးယောက်ဆွေးနွေးတဲ့ အားလုံးကိုလည်းကောင်း ပြည်သူ့ကျန်းမာရေး ရှုထောင့်၊ ဆေးပညာရှုထောင့်နှင့် အခြားရှုထောင့်ကနေပြီးသုံးသပ်ပြီး ကျွန်တော်ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပထမတစ်ချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်ချို ပြောထားတဲ့ ကဏ္ဍခြောက်ခုကို ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ Policy ရေးဆွဲတဲ့အခါမှာ စိုက်ပျိုး၊ ထုတ်လုပ်၊ သိုလှောင်၊ သယ်ဆောင်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းကဏ္ဍ၊ အသိပညာပေးရေး၊ ကျန်းမာရေးကဏ္ဍ၊ အခွန်အကောက်ကဏ္ဍ၊ ဥပဒေပြုကဏ္ဍ၊ ဘတ်ဂျက်ရေးဆွဲရေးကဏ္ဍ အားလုံးကို ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ ဒီနေရာ ကျွန်တော်တို့ပြန်ကြည့်တဲ့အခါမှာ ရောဂါဖြစ်ခြင်းက သုံးချက်ရှိပါတယ်။ ကိုယ်ကိုယ့်ကို ဖြစ်အောင်လုပ်တဲ့ရောဂါများ၊ အခြားကိစ္စအကြောင်းကြောင့် ပတ်ဝန်းကျင်ကြောင့်လည်းကောင်း ဖြစ်တဲ့ရောဂါများ၊ မျိုးရိုးဗီဇကြောင့်ရောဂါများဆိုပြီး သုံးခုရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပထမ Category ပါတယ်။ ကိုယ်ကိုယ့်ကိုရောဂါဖြစ်အောင်လုပ်ပြီး ကိုယ်ကိုယ့်ကို ပြန်ကုတယ်။ အဲဒီမှာ ပါပါတယ်။ ဒီလိုဖြစ်ခြင်းအားဖြင့် ဒီဟာကို သေသေချာချာမကိုင်တွယ်ဘူးဆိုရင် ကျန်းမာရေးနှင့်

အားကစားဝန်ကြီးဌာနဘတ်ဂျက်က လာမည့်ငါးနှစ်၊ ၁၀ နှစ်မှာဆိုလို့ရှိရင် ၇၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်းအထိ ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် ဖြစ်တဲ့ရောဂါများအားလုံးကို ကျွန်တော်တို့က ကုသရင်းနဲ့ ပိုက်ဆံကုန်သွားမှာဖြစ်ပါတယ်။ အခုတောင်မှ ကျွန်တော်တို့တော်တော်ကုန်ပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါ အများကြီးပါပဲ။ ဒါတွေကို အခု ကျွန်တော်တို့က တော်တော်များများသုံးနေရပါတယ်။ ခါတ်ကင်တာကအစ။ အကုန်၊ အကုန်ပါ။ အဲဒါတွေကုန်နေရတဲ့အတွက် ကျွန်တော်တို့ကတော့ Principle ပေါ့လေ။ ဒါကို ထောက်ခံပါတယ်။

နောက်တစ်ချက်က ဒီဥပဒေကို ဆွေးနွေးမယ်ဆိုရင် ကျွန်တော်တို့ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတစ်ခုတည်း ဆွဲလို့မရပါဘူး။ မူဝါဒရေးဆွဲတဲ့ ပါရဂူ (Policy Analysis) တွေ ပါရမယ်။ ပြည်သူ့ကျန်းမာရေးပါရဂူပါရမယ်။ ကပ်ရောဂါဗေဒပါရဂူ(Epidemic)ပါရမယ်။ လူမှုရေးနဲ့ပတ်သက်တဲ့ ကျွမ်းကျင်မှု(Social Scientist)တွေ ပါရမယ်။ ဆေးပညာရှင် (Clinician)တွေ ပါရမယ်။ နောက် စီးပွားရေးပညာရှင် (Economist)တွေ ပါရမယ်။ သုတေသနပညာရှင်လည်းပါရမယ်။ နောက် ကျန်တဲ့သက်ဆိုင်ရာဝန်ကြီးဌာန အကုန်လုံး ဝိုင်းဝန်းဆွဲရပါမယ်။ ဆွဲတဲ့အခါမှာလည်း ကျွန်တော်တို့က ဒီ Policy ကို ဒီအတိုင်းချလို့မရပါဘူး။ သူမှာ Policy Process၊ Policy Formulation မှာပါတဲ့ အစဉ်အတိုင်းကျွန်တော်တို့လုပ်ဖို့ရှိပါတယ်။ တစ်ပြိုင်တည်းနဲ့ ကျွန်တော့်အနေနဲ့၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကိုယ်စား တင်ပြချင်တာကတော့ Policy တစ်ခုတည်း ဆွဲလို့မရပါဘူး။ Policy ဆွဲပြီးရင် ဒီ Policy ကဘာမှအသက်မဝင်သေးပါဘူး။ ဒီ Policy ကို အသက်ဝင်ဖို့အတွက် မဟာဗျူဟာ၊ နည်းဗျူဟာ။ အင်္ဂလိပ်လိုဆိုလို့ရှိရင်တော့ Strategy Intervention အဲဒါတွေပါ ထည့်ဆွဲတဲ့အပြင် အဲဒီအထဲမှာ ဘာပါရမလဲဆိုတော့ ဆန်းစစ်တဲ့အညွှန်းကိန်းတွေ၊ Monitory Indicator တွေ အကုန်ပါရမယ့်အပြင် သုတေသနနဲ့ပတ်သက်တဲ့အချက်တွေလည်း ဒီ Policy မှာ ပါရမှာဖြစ်ပါတယ်။ အဲဒီမှာ ကြည့်လိုက်တဲ့အခါမှာ ဒီ Policy ကြီးကိုချမှတ်ပြီး သေသေချာချာကျင့်သုံး လိုက်မယ်ဆိုရင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ သုံးနေတဲ့အညွှန်းကိန်းတွေရှိပါတယ်။ ဒီ အညွှန်းကိန်းတွေက အားလုံးကောင်းလာပါမယ်။ ဥပမာဆိုလို့ရှိရင် ဒါကတော့ တချို့ကိုတော့ အင်္ဂလိပ်လိုပြောခွင့်ပေးပါ။ YPLL ဆိုတာ Year of Protect Life Lost ပေါ့။ ကိုယ့်ရဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိတဲ့ အပြည့်အဝမပေးနိုင်တော့ဘူး။ Year of Protective life အရ။ ထို့အပြင် အရည်အသွေးပြည့်ဝသော လူတစ်ဦးအနေနဲ့ မနေနိုင်တော့ပါဘူး။ Quality Adjusted Life Year လူတစ်ယောက်မှာ ဘယ်လောက်ရှိမလဲ။

ကျွန်တော့်အနေနဲ့က အသက် ၈၀ အထိ ကျန်းကျန်းမာမာနဲ့ လုပ်နိုင်မယ်ဆိုရင် ကျွန်တော်ရဲ့ Quality က ၈၀ ရပါတယ်။ သို့သော် ကျွန်တော် အသက် ၇၀ မှာ တစ်ခုခု၊ ဆေးလိပ်တွေ၊ ဘာတွေသောက်လို့ တစ်ခုခုဖြစ်သွားမယ်ဆိုရင် ကျွန်တော် ၁၀ နှစ်လောက် ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ ဒါတွေပြင်ရမယ်။ နောက်တစ်ခုက ခွင့်ပြုပါရန် ကျွန်တော်လေးစားစွာ တင်ပြအပ်ပါတယ်။ အင်္ဂလိပ်လို ဖြစ်နေလို့ပါ။ Disability Adjusted Life Year မြန်မာလို ရှင်းလင်းတော့ ပုံမှန်လုပ်နေကျ အတိုင်းမလုပ်နိုင်ဘူး။ အဲဒီကိစ္စတွေကလည်း အကုန် ဒီ Indicator အတိုင်း အကုန်ကောင်းသွားမယ်။ ထို့အပြင် Stress စိတ်ဖိစီးမှုကြောင့်ရသော Indicator တွေလည်း အကုန်ကောင်းလာမယ်။ နောက်တစ်ခါ အထွေထွေ ပြည်သူ့ကျန်းမာရေးဆိုင်ရာအညွှန်းကိန်းများ (Public Indicator) အကုန်တက်လာမယ်။ ဆိုလိုတာက ဒါတွေလုပ်လို့ရှိရင် ကျွန်တော်တို့အနေနဲ့က အားလုံးကိုကောင်းသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တစ်ချက် တင်ပြချင်တာက အကယ်၍ Policy ကို ကျွန်တော်တို့ဆွဲပြီးရင် ၂၀၀၆ ခုနှစ်က ဆွဲထားတဲ့ဥပဒေတွေ ရှိပါတယ်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေက ၂၀၀၆ ခုနှစ်က ဆွဲတဲ့အတွက် ဒီဥပဒေကလည်း ပြင်သင့်ရင်ပြင်ရမယ်။ ၁၃ နှစ်ရှိသွားပါပြီ။ ထွက်လာတဲ့ Policy အပေါ်မူတည်ပြီးတော့ ဒီဥပဒေကိုတော့ ပြင်သင့်ရင်တော့ ပြင်ရမယ်။ ဒါလည်း ကျွန်တော်ကြိုတင်ပြီးတော့ တင်ပြထားခြင်းပဲဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော့်အနေနဲ့ကတော့ ဒီ Policy ကို ရေးဆွဲပြီးတော့ အသက်ဝင်ဖို့ ဆိုလို့ရှိရင် ဒါကို ကျွန်တော် အဘက်ဘက်က သုံးသပ်ပါတယ်။ စီးပွားရေးရှုထောင့်၊ ကျန်းမာရေး ရှုထောင့်၊ လူမှုရေးရှုထောင့်၊ စိတ်ကျန်းမာရေးရှုထောင့်၊ လူ့ကျင့်ဝတ်ရှုထောင့်၊ ပြည်သူ့ကျန်းမာရေး ကျင့်ဝတ်ရှုထောင့်(Public Health Ethic)၊ နောက်ကျန်းမာရေးဆိုင်ရာအသုံးစရိတ်ရှုထောင့်က ကြည့်မယ်ဆိုလို့ရှိရင် ဒီ Policy(မူဝါဒ)ထွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့တိုင်းပြည်အတွက် အကုန် အလွန်အကျိုးရှိပြီးတော့ ကျွန်တော်တို့ပြည်သူများဟာ ကျန်းမာသော ပြည်သူများဖြစ်လာမှာဆိုတာကို ကျွန်တော့်အနေနဲ့ ထင်မြင်သုံးသပ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်ချို တင်သွင်းတဲ့ အဆိုကို ကျွန်တော့်အနေနဲ့က ထောက်ခံပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်စား လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး အား ဒီအဆိုကို အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

မူကြမ်း

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ဒီကနေ့ ကျွန်တော်တင်သွင်းခဲ့တဲ့ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါတဲ့ကွမ်းယာစားသုံးမှုလျှော့ချရေး ထိရောက်တဲ့မူဝါဒချမှတ်ပေးဖို့နဲ့ ပတ်သက်တဲ့အဆိုကို ထောက်ခံဆွေးနွေးကြတဲ့ ကိုယ်စားလှယ်ကိုးဦးနဲ့ အတည်ပြုပေးခဲ့တဲ့ ပြည်ထောင်စုဝန်ကြီးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို အနည်းငယ်လေးတင်ပြခွင့်ပြုပါ။ ဒီအဆိုကို တင်ရတဲ့ရည်ရွယ်ချက်ကတော့ အမှုမဲ့၊ အမှတ်မဲ့နေနေကြတဲ့ ကျွန်တော်တို့ကိစ္စဖြစ်လို့ နိုင်ငံရဲ့မျိုးဆက်လူငယ်တွေ၊ လူသားတွေဘဝ ကြိုတင်ကာကွယ်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်၊ တစ်ဖက်ကလည်းပဲ Demand(ဝယ်လိုအား)နဲ့ Supply(ရောင်းလိုအား)ရဲ့သဘောသဘာဝအရ ဝယ်လိုအားတွေ တဖြည်းဖြည်းမြင့်တက်လာနေတဲ့ ဆေးလိပ်၊ ကွမ်းယာသုံးစွဲမှုအပေါ်မှာ အခြေခံပြီးတော့ ရောင်းလိုအား (Supply)တွေ တဖြည်းဖြည်းသိသိသာသာတိုးပွားလာနေတာတွေဟာ လက်ရှိအခြေအနေမှာ တော်တော်လေးကို ဆိုးရွားပြီးတော့ အလုပ်အကိုင်၊ အခွင့်အလမ်းတစ်ခုအနေနဲ့ မှီခိုနေတဲ့ အရေအတွက် အရမ်းကိုများပြားနေတဲ့အတွက် နိုင်ငံတော်ကနေ ကိုင်တွယ်ဖြေရှင်းဖို့ကလည်း တော်တော်ခက်နိုင်မယ့်အနေအထားမျိုး ရှိပါတယ်။ လက်ရှိ ကွမ်းယာစားသုံးမှုဟာဆိုလို့ရှိရင် တစ်ရက်ကို ၁၂ ဘီလီယံလောက်ရှိတယ်ဆိုရင် တစ်နှစ်မှာဆိုလို့ရှိရင် တစ်နိုင်ငံလုံးရဲ့ကောက်ခံတဲ့ အခွန်အကောက်ရဲ့ ၆၀ ရာခိုင်နှုန်းကျော်ကျော်လောက်ရှိပါတယ်။ အဲဒီတော့ ဆေးလိပ်သုံးစွဲမှုကိုပါ တွက်လိုက်မယ်ဆိုလို့ရှိရင် တစ်နိုင်ငံလုံးကောက်ခံတဲ့ အခွန်အကောက်ထက်တောင်မှ ကျော်သွားတဲ့ အနေအထားမျိုး ရှိနေတာ တွေ့ရပါတယ်။ နောက် ကွမ်းယာနှင့်ဆေးလိပ်ဆိုတဲ့ ကုန်စည်ဟာဆိုလို့ရှိရင် လူသားတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ကုန်စည်အမျိုးအစားလည်း မဟုတ်ဘူး။ နောက် လူသားတွေအတွက် တကယ့်ကိုအန္တရာယ်ကြီးမားတဲ့ တရားဝင်ရောင်းချခွင့်ရနေတဲ့ကုန်စည်အမျိုးအစား ဖြစ်နေတာ တွေ့ရပါတယ်။

နောက် ကွမ်းယာကတော့ စားသုံးတဲ့သူတွေကိုပဲ ထိခိုက်စေတာမှန်ပေမဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေကို ဖြစ်ပေါ်စေတာ တွေ့ရပါတယ်။ ဆေးလိပ်ကတော့ သုံးစွဲတဲ့သူသာမကဘဲနဲ့ ဆေးလိပ်မီးခိုးငွေ့တွေကနေတစ်ဆင့် ရှူမိရှိုက်မိတဲ့သူတွေ၊ အခြားသူတွေကိုလည်း ထိခိုက်စေပါတယ်။ မီဒီယာကနေ ကျွန်တော့်ကို မေးခဲ့တာရှိပါတယ်။ ကွမ်းယာနဲ့ ဆေးလိပ်သုံးစွဲမှုဟာ လူကိုထိခိုက်စေတာ၊ ရောဂါဆိုးတွေ ခံစားနေရတာတွေကို လူတိုင်းသိနေသလို ပညာပေးတာတွေအမျိုးမျိုးလုပ်နေတာဖြစ်ပေမဲ့ ဘာကြောင့်သုံးစွဲမှုမကျဆင်းသွားဘဲနဲ့ တဖြည်းဖြည်းများလာရသလဲ မေးခဲ့ပါတယ်။ ဒါက

လည်း မေးသင့်တဲ့မေးခွန်းဖြစ်ပါတယ်။ လူတွေဟာ ကွမ်းစားတာတွေ၊ ဆေးလိပ်သောက်သုံးတာတွေက အဓိကကတော့ စွဲလမ်းမှုကြောင့်ဖြစ်ပါတယ်။ ဒီစွဲလမ်းမှုကို ထိန်းချုပ်နိုင်မယ်ဆိုလို့ရှိရင် ကျန်းမာရေး ဌာန၊ အဖွဲ့အစည်းတွေက မျှော်မှန်းထားတဲ့အောင်မြင်မှုတွေရနိုင်မှာ ဖြစ်ပါတယ်။ ဒီဆေးလိပ်၊ ကွမ်းယာ ပြဿနာသည် ပြဿနာစိန်ခေါ်မှုအနေနဲ့ အဓိကကတော့ ကျန်းမာရေးပြဿနာဆိုင်ရာနှင့် အလုပ်အကိုင်အခွင့်အလမ်းပြဿနာ၊ အခွန်အကောက်ပြဿနာ။ ဒီနှစ်ခုက ထိပ်တိုက်ရင်ဆိုင်ရမယ့် ပြဿနာ ဖြစ်နေတာကို တွေ့ရပါတယ်။ ဒီပြဿနာကို ဖြေရှင်းနိုင်ဖို့နဲ့ ကျန်းမာရေးဆိုင်ရာဘက်ကနေ အားသာဖို့က အဓိကကတော့ Demand(ဝယ်လိုအား)ကျဆင်းဖို့ အဓိကကျပါတယ်။ ဝယ်လိုအား မရှိဘူးဆိုရင် ရောင်းလိုအား Break Even Point Equivalent Point အားမျှခြေမှ အလိုလိုကျသွားမှာ ဖြစ်ပါတယ်။ ကွမ်းယာစားနေတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆိုရင် လွန်ခဲ့တဲ့ခြောက်လလောက် က ပါးဆောင်ကင်ဆာနဲ့ဆုံးသွားပါတယ်။ ဆေးကုတဲ့အခါမှာ သိန်း ၁၀၀ လောက်ကုန်သွားပါတယ်။ ဒါပေမဲ့လည်း ကုလို့မရပါဘူး။ လက်ရှိ ကွမ်းယာ၊ ဆေးလိပ်စားသုံးနေတဲ့ ချက်ချင်းကြီးဖြတ်ဖို့ဆို တာလည်း မလွယ်ပါဘူး။ ဒါက လူတစ်ဦးချင်းရဲ့ခံယူချက်၊ ဆုံးဖြတ်ချက်နဲ့လည်း သက်ဆိုင်တာ ဖြစ်ပါ တယ်။ နောက်အခက်အခဲ လည်းအများကြီးရှိနိုင်ပါတယ်။ လက်ရှိ ကွမ်းယာ၊ ဆေးလိပ်တွေကို အမှီပြု ပြီးတော့ စီးပွားရေးလုပ်ကိုင်နေသူတွေအနေနဲ့ပဲ စဉ်းစားဖို့ပြောချင်တာကတော့ အဓိကဒီပစ္စည်း တွေဟာ၊ ဒီကုန်စည်ဟာ မရှိမဖြစ် ကုန်စည်မဟုတ်ဘူး။ နောက်ပြီးတော့ Demand ကျသွားတဲ့အခါမှာ ဒါမှမဟုတ် Demand တွေ လုံးဝပျောက်ဆုံးသွားတဲ့အခါမှာ ဘာစီးပွားရေးလုပ်မလဲဆိုတာကို ကြိုပြီး တော့ စဉ်းစားထားဖို့လိုမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ အင်္ဂလိပ်ခေတ်တည်းက ဖက်ဖြူ ဆေးလိပ်လုပ်ခဲ့တဲ့လုပ်ငန်းဆိုရင် တော်တော်အောင်မြင်တဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဖက်ဖြူ ဆေးလိပ်ကို သုံးစွဲတဲ့လူတွေ၊ အသက်အရွယ်ကြီးတဲ့လူတွေ သေကုန်တဲ့အခါမှာ ဒီဖက်ဖြူကို သုံးတဲ့သူ မရှိတော့ဘူး။ မရှိတဲ့အခါမှာ ဒီဖက်ဖြူဆေးလိပ်လုပ်ငန်းဟာ လုံးဝပျက်စီးမသွားပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဦးခင်ချို၊ လွှတ်တော်ကိုယ်စားလှယ်ကြီးခင်ဗျား။ ဒီအဆိုအပေါ်မှာ သဘောထားတောင်းခံခြင်းပဲဖြစ်ပါတယ်။ ဒီအဆိုအပေါ်မှာ ထပ်မံဆွေးနွေးဖို့ခွင့်ပေးထားတာ မဟုတ်ပါဘူး။ ပေးအပ်တဲ့အခွင့်အရေးကို စနစ်တကျသုံးစွဲဖို့ လိုအပ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ ဒီအဆိုကို အတည်ပြုပေးဖို့ တင်ပြ အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်ချို လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်ကိုးဦးက ဆွေးနွေးပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးခင်ချို တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၃း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ (၃၁.၇.၂၀၁၉)
ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Dr Myint Htwe | U Tin Aye




U Aung Hla Tun | U Oo Hla Saw




U Aung Hla Tun | U Myint Lwin




Dr Tun Naing | U Thaung Aye




Dr Tun Naing | U Nay Myo Htet




Dr Tun Naing | Daw Cho Cho

pyithu.hluttaw.mm



Dr Tun Naing



U Thet Naing Oo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်